**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည်အရာရာကို ဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

**သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၂၀)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ သောကြာနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ်လ(၂၆)ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ(၂၆) ရက်မှ စက်တင်ဘာလ (၁၂) ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်–

| | | | |
|---|---|---|---|
| (၁) | မြစ်ကြီးနားတက္ကသိုလ် | (၆) | စစ်ကိုင်းတက္ကသိုလ် |
| (၂) | ဘားအံတက္ကသိုလ် | (၇) | ထားဝယ်တက္ကသိုလ် |
| (၃) | ဟားခါးတက္ကသိုလ် | (၈) | တောင်ငူတက္ကသိုလ် |
| (၄) | မုံရွာတက္ကသိုလ် | (၉) | ပြည်တက္ကသိုလ် |
| (၅) | ရွှေဘိုတက္ကသိုလ် | (၁၀) | ပဲခူးတက္ကသိုလ် |

**စာမျက်နှာ ၆ ကော်လံ ၄ ❍**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၄ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း “ROSATOM” နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သိပ္ပံပွဲတော် ၂၀၂၄ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာများ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ❑**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း " ROSATOM" နှင့်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် သိပ္ပံပွဲတော် ၂၀၂၄ တွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ နျူကလီးယားနှင့် သိပ္ပံပညာဆိုင်ရာ ဥာဏ်စမ်းဂိမ်းများယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

## ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

စာ – ၁၁ သို့

**ဆောင်းပါး**

## ရေသတ္တဝါမွေးမြူရေး သတ္တုဓာတ်ပါဝင်မှု အလေးထားပေး

စာ – ၂၆ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၆ ရက်)

# အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်တို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှ အသိုက်အဝန်းကိုအတူတကွတည်ဆောက်ထားသည့်နိုင်ငံများဖြစ်သည်။ မြန်မာနှင့်တရုတ်နှစ်နိုင်ငံ အိမ်နီးချင်းနယ်နိမိတ်ထိစပ်မှုအကွာအဝေးမှာ ၂၂၂၆ ဒသမ ၈၅ ကီလိုမီတာ(၁၃၈၄ မိုင်)ရှိသည်။ အခြားသောအိမ်နီးချင်းနိုင်ငံများထက် နယ်နိမိတ်ထိစပ်မှုပိုမိုရှည်လျားသည်။ ထို့အတူ သံတမန်ဆက်ဆံရေးစတင်ခဲ့သည်မှာလည်း ပျူခေတ်ကတည်းကဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးH.E.Mr.Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၁၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်၌လက်ခံတွေ့ဆုံသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့်နိုင်ငံခြားရေးဝန်ကြီးက "မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အခိုင်အမာထောက်ခံပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေမှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် EAO အဖွဲ့များ၏ မြို့ရွာများအပေါ် တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့်ဆန့်ကျင်ပါကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကိုတည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်း နရသီဟပတေ့လက်ထက်တွင်လည်း ဆရာတော်ရှင်ဒိသာပါမောက်သည် ငြိမ်းချမ်းရေးသံတမန်အဖြစ် တရုတ်ပြည်သို့ကြွရောက်ခဲ့ဖူးသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးကာလတွင် တရုတ်နိုင်ငံနှင့်မြန်မာတို့၏ ချစ်ကြည်ရင်းနှီးမှုမှာခိုင်မြဲလျက်ရှိသည်။ ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့်ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင် စတင်နိုင်ခဲ့သည်။မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အစဉ်တစိုက်ထောက်ခံလျက်ရှိသည်။ မြန်မာနှင့်တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေးမှာလည်း ၂၀၂၅ ခုနှစ်တွင် (၇၅)နှစ်ပြည့် စိန်ရတုသို့ရောက်ရှိတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံ၊ ယုံကြည်စိတ်ချရသောနိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားမည်သာဖြစ်သည်။

မြန်မာ-တရုတ်နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို စတင်သဘောတူဆောင်ရွက်ခဲ့သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ တည်ငြိမ်အေးချမ်းရေးကို အစဉ်အလေးထားလျက်ရှိသည်။မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏အကျိုးစီးပွားကိုထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့်လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည်မဟုတ်ပေ။ ထို့အတူ တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ စသည့်ကဏ္ဍစုံတို့၌ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာဖြင့်ဆောင်ရွက်သွားမည်ဖြစ်သည်ဟုသိရှိရသည်။ မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများအတွက် မျက်နှာနှစ်ဖက်ဆက်ဆံရေးမျိုးမရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်ခုလည်းဖြစ်ပေရာ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းများအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် လုပ်ငန်းဆောင်ရွက်

**သာယာဝတီ ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလေးများအားလပ်သည့်အချိန်တွင် စာအုပ်စာစောင်များ လေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများနှင့် အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရွေ့လျားစာကြည့်တိုက်ဖြင့် နယ်လှည့်စာကြည့်တိုက် စာငှား၊ စာဖတ်ဝန်ဆောင်မှုပေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းများကို ဩဂုတ်လ ၁၄ ရက် နံနက်ပိုင်းတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သာယာဝတီ၌ ဆောင်ရွက်သည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ စာကြည့်တိုက်ကိုအသုံးပြုပြီး စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာနိုင်ကြောင်း အသိပညာပေးဟောပြောခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူလေးများကို ရုပ်ပုံပါစာအုပ်ဖြင့် ပုံပြင်ပြောခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူလေးများအား အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ဖတ်ရှုစေခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များပြသခြင်းတို့ကို ဆောင်ရွက်သည်။

**သန့်ဇော် (ပြန်/ဆက်)**

# ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု ဟောပြော

**ရှာငံ ဩဂုတ် ၁၅**

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောပွဲကို ဩဂုတ်လ ၁၄ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ရှာငံမြို့နယ် ကျန်းမာရေးမှူး ဒေါက်တာအေးသန္တာလှိုင်က မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်လာနိုင်သော ဘေးထွက်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အသက်အန္တရာယ်ဆုံးရှုံးနိုင်ကြောင်း၊ မူးယစ်ဆေးဝါးကိုစမ်းမသုံးသင့်ကြောင်းနှင့် ရာသီကာလအလိုက်ဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်းအားဆက်လက်ပြောကြားရာသွေးလွန်တုပ်ကွေးကြောင့် ဖြစ်လာနိုင်သော အသက်အန္တရာယ်များအားကာကွယ်ရန် အင်္ကျီလက်ရှည်များဝတ်ဆင်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်အောင် ပြတင်းပေါက်များအားဖွင့်ထားခြင်း၊ ခြင်များမပေါက်ပွားနိုင်အောင် ရေတွင်းများအား ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်းများပြုလုပ်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်းခြင်း စသည့်အကြောင်းအရာများကိုရှင်းလင်းပြောကြားသည်။

ထို့နောက်ဒေါက်တာစန္ဒာကျော်က သွား အကြောင်းနှင့်ပတ်သက်၍ သွားပိုးစားရောဂါ၏ နောက်ဆက်တွဲဖြစ်စဉ်များ၊ ပိုးစားခြင်းကြောင့် သွားများပျက်စီးရပုံ၊ သွားဖုံးရောင်ရောဂါအဆင့်ဆင့်ဖြစ်ပုံ၊ သွားများကို စနစ်တကျ တိုက်သင့်သည့်ပုံစံအကြောင်းများနှင့် ထိုမှတစ်ဆင့် ခံတွင်းကင်ဆာအကြောင်းအား ရှင်းလင်းပြောကြားရာ ခံတွင်းကင်ဆာသည် ကွမ်းစားခြင်းကြောင့်သော်လည်းကောင်း၊ ဆေးလိပ်သောက်ခြင်းကြောင့်သော်လည်းကောင်း ဖြစ်လာနိုင်ကြောင်း သွားခံတွင်းကျန်းမာရေး၏ ရှောင်ရန်/ ဆောင်ရန်များအနေဖြင့် သွားတိုက်ရာတွင် သွားတိုက်ဆေးဖြင့် သာတိုက်သင့်ကြောင်း မီးသွေးခဲ၊ ဆား စသည်တို့ဖြင့် တိုက်ပါက သွားများပျက်စီးစေကြောင်းကို ရှင်းလင်းပြောကြားသည်။

**(၄၀၅)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၆-၈-၂၀၂၄(သောကြာနေ့)**

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၇:၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၂၅ နှစ်(၇၀)ကျော်ကြားတေးများ
၆။ ၁၀:၅၀ ကျန်းမာသုတ
၇။ ၁၂:၃၀ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၂:၄၀ မြန်မာ့ရှုခင်း
၉။ ၁၆:၄၅ သီချင်းလက်ဆောင်
၁၀။ ၁၈:၁၅ အတွေးအမြင်
၁၁။ ၁၈:၂၅ ခံစားတွေ့ကြုံ
တပ်မတော်သားဘဝအဖုံဖုံ
၁၂။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ**
**အပွမာဒေါစ ဓမ္မေသု**

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့အခမ်းအနား ကျင်းပမည်



ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ၁၂ လရာသီပွဲတော်များကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိရာ ဩဂုတ်လ ၁၉ ရက် (ဝါခေါင်လပြည့်နေ့)တွင် မေတ္တာအခါတော်နေ့အခမ်းအနားကို နံနက် ၅ နာရီမှ နေ့လယ်ပိုင်းအထိ ကျင်းပမည်ဖြစ်သည်။

"ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ၁၂ လရာသီပွဲတော်တွေကို စဉ်ဆက်မပြတ်ကျင်းပနေသလို ဒီနှစ် ဝါတွင်းသုံးလမှာလည်း ဗုဒ္ဓပူဇနီယပွဲတော်တွေကို ကျင်းပဖို့ စီမံချက်ရေးဆွဲပြီး ဆောင်ရွက်နေပါတယ်"ဟု ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းကပြောသည်။

အဆိုပါ မေတ္တာအခါတော်နေ့အခမ်းအနားကျင်းပရာ၌ ဝါခေါင်လပြည့်နေ့ နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးများဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး နံနက် ၆ နာရီတွင် မေတ္တာအခါတော်နေ့အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပမည်ဖြစ်ကာ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ရုံးမှ ဝန်ထမ်းများနှင့် ဝေယျာဝစ္စအသင်းများမှ အသင်းသား၊ အသင်းသူများက ကူညီဆောင်ရွက်မည်ဖြစ်သည်။

နံနက် ၇ နာရီတွင် ပန်းစေတီဖြင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းမှ စတင်ကာ ဘုရားရင်ပြင်ပေါ်တွင် လက်ယာရစ်တစ်ပတ် လှည့်လည်ပြီးနောက် မုခ်လေးခုရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်တို့အား ပန်းစေတီဖြင့် ပူဇော်ပွဲကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ သီလခံယူပွဲနှင့် ရေစက်ချအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး ယင်းနောက် ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ အခမ်းအနားပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ထားဝယ်မြို့နယ်၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ထားဝယ် ဩဂုတ် ၁၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လူငယ်ရေးရာကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၄ ရက်က ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးဘုန်းမြတ်သူက လူငယ်များအနေဖြင့် ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ နောင်တစ်ချိန်တွင် နယ်ပယ်အသီးသီး၌ ဦးစီးဦးဆောင်ပြုရမည့်သူများဖြစ်ကြောင်း၊ ကျောင်းသား၊ကျောင်းသူများအနေဖြင့် စိတ်ကူးစိတ်သန်းများ၊ အိပ်မက်များ အကောင်အထည်ဖော်ရာတွင် စာအုပ်စာစောင်များဖတ်ရှုခြင်း၊ အတွေ့အကြုံရှိသူများကို မေးမြန်းခြင်းမှ ရရှိနိုင်သကဲ့သို့ ကျောင်းသားအချင်းချင်း တိုင်ပင်ဆွေးနွေးခြင်းတို့မှလည်း ရရှိနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များကို တန်ဖိုးရှိသော လူသားအရင်းအမြစ်များအဖြစ် မျှော်မှန်းပြီး ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ လူငယ်များကိုယ်တိုင်ကလည်း မိမိကိုယ်မိမိ တန်ဖိုးရှိသူများဖြစ်အောင် ကြိုးစားအားထုတ်ကြရန်လိုကြောင်း၊ လူငယ်များအနေဖြင့် မိမိကိုယ်ကိုကောင်းအောင် ကြိုးစားခြင်းသည် မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်းအတွက်ပါ ကောင်းအောင်ကြိုးစားနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ဆွေးနွေးပြောကြားသူများအဖြစ် Grade-10 မှ မောင်ကောင်းသူရိန်ကျော်က လူငယ်နှင့်အားကစား၊ Grade-10 မှ မောင်လင်းသန့်က လူငယ်နှင့် ဂီတ၊ Grade-10 မှ မငြိမ်းဆုဝေက လူငယ်နှင့် စာဖတ်ခြင်း၊ Grade-11 မှ မကေရီထက်အောင်က လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက ဆွေးနွေးပြောကြားသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်လွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များ ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# မင်းဘူးခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၇၀၀၀၀ ကျော် လျာထားစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိ

မင်းဘူး ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆန်၊ စပါး ဖူလုံစေရန် မိုးစပါးဧက ၁၇၀၀၀၀ ကျော် လျာထားစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်ထိ ဧက ၉၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မင်းဘူး(စကု) မြို့နယ်၌ ၄၀၉၃၂ ဧက၊ ပွင့်ဖြူမြို့နယ်၌ ၆၉၉၄၄ ဧက၊ စလင်းမြို့နယ်၌ ၄၇၆၇၇ ဧက၊ ငဖဲမြို့နယ်၌ ၉၃၅၆ ဧကနှင့် စေတုတ္တရာမြို့နယ်၌ ၅၆၇၈ ဧကဖြင့် မင်းဘူးခရိုင်၌ စုစုပေါင်း မိုးစပါး ၁၇၃၅၈၇ ဧကအထိ လျာထားစိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိပြီး ဆည်တမံများမှ မိုးစပါးအတွက် စိုက်ပျိုးရေများကို ယခုနှစ် ဇွန်လတတိယပတ်မှ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မင်းဘူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးစပါးစိုက်ပျိုးရာတွင် ဆည်ရေသောက်ဧရိယာများနှင့် မိုးကောင်းသောက်ဧရိယာများ၌ ဆည်တမံ၊ လျှပ်စစ်ရေတင်၊ မြေအောက်ရေ၊ ရေစုပ်စက်၊ ဆည်ယက်ကန်ယင်၊ မိုးရေသောက်စနစ် စသည့်ရေရရှိရေးနည်းလမ်းခြောက်ခုဖြင့် စိုက်ပျိုးလျက်ရှိကြောင်း၊ အများဆုံးရွေးချယ်စိုက်ပျိုးသော စပါးမျိုးများမှာ ဈေးကွက်အရ အရည်အသွေးကောင်းသည့် ရောမင်းနှင့် အထွက်ကောင်းစပါးမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး၊ ပခန်းရွှေဝါ၊ ဆာဖိုးသား၊ GW-11 စပါးမျိုးများအပြင် ရေအနည်းလို-၇ နှင့် ရက်-၉၀ စပါးမျိုးများကိုလည်း ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မင်းဘူးခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၇၃၅၈၇ ဧကလျာထားစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်ထိ ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ မိုးစပါး ၉၃၈၇၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးနှင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးတို့အတွက် တောင်သူပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မောင်မောင်(မင်းဘူး)

မြဝတီ ကာတွန်း



# တိုင်းရင်းသားများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်းဖွင့်လှစ်

လှိုင်းဘွဲ့ ဩဂုတ် ၁၅

တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို ဩဂုတ်လ ၁၃ ရက်က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံစံပြကျေးရွာ ပအိုဝ်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးစေရန်၊ တစ်ရွာထုတ်ကုန်တစ်မျိုးထုတ်လုပ်နိုင်သည့်လုပ်ငန်းငယ်များပေါ်ပေါက်ပြီး တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ အထောက်အကူပြုစေရန်နှင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် မိမိတို့ကျေးရွာမှထွက်ရှိသော အသီးအနှံများဖြင့် ဈေးကွက်ဝင်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီးနောက် ပံ့ပိုးငွေနှင့် သင်တန်းအတွက် လိုအပ်သောပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ အခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်ကြာသင်ကြားပို့ချပေးလျက်ရှိပြီး ထီလုံစံပြကျေးရွာမှ သင်တန်းသူ ၂၀ ဦး တက်ရောက်လျက်ရှိသည်။

သင်တန်းတွင် သစ်သီးယိုမျိုးစုံ၊ သစ်သီးဖျော်ရည်၊ နှမ်းယို၊ မြေပဲယိုနှင့် သစ်သီးဂျယ်လီအမျိုးမျိုး ပြုလုပ်နည်းတို့ကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဒေါ်နွယ်နွယ်အောင်က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ လှိုင်းဘွဲ့မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းလှူဒါန်းပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှကြီးမှူး၍ အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ်လ ၁၄ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကေသရာဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထူးအောင်က လူငယ်များ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်နှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရန် အားကစားကို ကြိုးစားသင်ယူ လေ့ကျင့်သင့်ကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေနှင်းက ကျောင်းသား၊ ကျောင်းသူများ အသိအမြင်ဗဟုသုတကြွယ်ဝစေရန်အတွက် အားလပ်ချိန်တွင် စာပေဖတ်ရှုလေ့လာရန်နှင့် ပညာကိုကြိုးစားသင်ယူရန်လိုအပ်ကြောင်း စသည်ဖြင့် ဟောပြောသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထူးအောင်က အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအောင်က လက်ခံရယူသည်။

ယင်းနောက် သရုပ်ပြအဖွဲ့က Fitness Dance အားကစားနည်းဖြင့် သရုပ်ပြတင်ဆက်ရာ တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူဆွေက သရုပ်ပြအဖွဲ့ကို ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# တွံ့တေးမြို့နယ်၌ အသံမစဲမဟာပဋ္ဌာန်းကျမ်းရွတ်ဖတ်ပူဇော်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ဆံကေသာဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ အသံမစဲမဟာပဋ္ဌာန်းကျမ်းရွတ်ဖတ်ပူဇော်ပွဲကို ဩဂုတ်လ ၁၄ ရက်က ရွှေဆံတော်စေတီရင်ပြင်တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကွမ်းခြံသာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသမှ ရောင်ခြည်တော်ဖွင့်ဘုရားပင့်ဂါထာတော်အား ရွတ်ဖတ်ပူဇော်ခြင်း၊ ကိုးနဝင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တအဂ္ဂဇမှ သီလဆောက်တည်ရန်နှင့်ပဋ္ဌာန်းတရားနာကြားရန် နတ်၊ ဗြဟ္မာများအား ပင့်ဖိတ်ခြင်း၊ ညောင်တံခါးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။


ဆက်လက်၍ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်မှ အရှင်ပညာသာမိက ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ရန် တိုက်တွန်းလျှာ(ပဋ္ဌာန်းအမွှန်း)ဂါထာတော်အား ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ပဋ္ဌာနဘာဏကဆရာတော်၊ သံဃာတော်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ (၂၄)ပစ္စည်းအကျဉ်းကိုသုံးကြိမ်ရွတ်ဆို၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပူဇော်ဖွင့်လှစ်ပြီး အလုည့်ကျ မဟာပဋ္ဌာန်းဒေသနာတော်မြတ်ကို စတင်ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းကျမ်းရွတ်ဖတ်ပူဇော်ခြင်းကို ဩဂုတ်လ ၁၄ ရက်မှ ၁၉ ရက်အထိ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**တွံ့တေးသား**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကျိုင်းတုံ | (၂.၆၈)လက်မ |
| နေပြည်တော် (ဥတ္တရသီရိ) | (၂.၄၄)လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိ ) | (၂.၃၆)လက်မ |
| ကော့သောင်း | (၂.၃၆)လက်မ |
| ပျဉ်းမနား (ဝဲကြီး) | (၂.၂၈)လက်မ |
| ဗိ | (၂.၁၇)လက်မ |
| ကိုကိုးကျွန်း | (၂.၁၇)လက်မ |
| ညောင်လေးပင် | (၂.၀၅)လက်မ |
| ပင်လောင်း | (၂.၀၁)လက်မ |
| အေလာ | (၂.၀၁)လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | (၁.၉၇)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၀ | ၃၅ |
| ရှမ်း(မြောက်) | ၂၂ | ၂၉ |
| ရှမ်း(အရှေ့) | ၂၀ | ၂၉ |
| ရှမ်း(တောင်) | ၁၉ | ၂၅ |
| ချင်း | ၁၄ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၃ | ၃၂ |
| နေပြည်တော် | ၂၃ | ၂၈ |
| မန္တလေး | ၂၅ | ၃၁ |
| မကွေး | ၂၅ | ၃၄ |
| ရခိုင် | ၂၃ | ၂၉ |
| ပဲခူး | ၂၅ | ၃၂ |
| ရန်ကုန် | ၂၆ | ၃၃ |
| ဧရာဝတီ | ၂၃ | ၃၁ |
| ကယား | ၂၁ | ၂၈ |
| ကရင် | ၂၆ | ၃၄ |
| မွန် | ၂၅ | ၃၂ |
| တနင်္သာရီ | ၂၄ | ၃၃ |

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လက ငါးရှဉ့်ပိဿာချိန် ၈၈၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လက ငါးရှဉ့်ပိဿာချိန် ၈၈၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်တင်မြင့်၏ပြောပြချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ငါးရှဉ့်ပိဿာချိန် ၅၇၀၀၀ ခန့်သာ တင်ပို့ရောင်းချခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ ငါးရှဉ့်ပိဿာချိန် ၈၈၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့သည်။ အဆိုပါဒေသထွက်ငါးရှဉ့်များ တင်ပို့ရောင်းချအား ကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်ကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင်လရဲ့ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေသိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ အဲဒီလို ငါးရှဉ့်တွေ တင်ပို့အားကောင်းတာက လည်း ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာနဲ့ ငါးရှဉ့်ဝယ်လိုအားကောင်းလာတာကြောင့်လို့သိရပါတယ်။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ပြီး ရန်ကုန်ကနေတစ်ဆင့် တခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာ ဖြစ်ပါတယ်"ဟု ဒေါ်တင်မြင့်ကပြောသည်။

အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် တခြားဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



နေပြည်တော် ဩဂုတ် ၁၅

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ပဥ္စမအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၅

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ပဥ္စမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့်အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ်အဖွဲ့ခေါင်းဆောင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားမြေဥပဒေကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်စေရေး၊ မြေစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသော တည်ဆဲဥပဒေများကို လွှမ်းခြုံသက်ရောက်မှုရှိပြီး ဥပဒေအချင်းချင်းသဟဇာတဖြစ်စေရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြေဥပဒေမူကြမ်းရေးဆွဲရာ၌ ခေတ်ကာလစနစ်နှင့် လိုက်လျောညီထွေ ပြောင်းလဲပြင်ဆင်နိုင်မည့် နည်းလမ်းများ ထည့်သွင်းပြုစုရန်လိုအပ်ပြီး အမျိုးသားမြေအသုံးချမှုကောင်စီကသတ်မှတ်ပေးထားသည့်ကာလ(Timeline) အတွင်း အမျိုးသားမြေဥပဒေမူကြမ်းကို ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး အလေးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားမြေဥပဒေမူကြမ်း၏ နိဒါန်းအခန်းနှင့် အခန်း(၁)မှ(၈) အထိအားအဖွဲ့ဝင်များ၏ အကြံပြုချက်များအရ ကြိုတင်စိစစ်ထားရှိမှုအား ပဏာမမူကြမ်းအဖြစ် အတည်ပြုနိုင်ရေးအတွက် ကော်မတီဝင်များက အလေးထားဆွေးနွေးဆုံးဖြတ်ရန် ဖြစ်ကြောင်း၊ ဥပဒေမူကြမ်း၏ ကျန်ရှိသော အခန်း (၉) မှ (၁၆)အထိကို နောက်တစ်ကြိမ် အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရေး အတွက် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

○ ရှေ့ဖုံးမှအဆက်

(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) ကျောက်ဆည်တက္ကသိုလ်
(၁၆) မော်လမြိုင်တက္ကသိုလ်
(၁၇) စစ်တွေတက္ကသိုလ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀) ကျိုင်းတုံတက္ကသိုလ်
(၂၁) ပုသိမ်တက္ကသိုလ်
(၂၂) ဟသ်ာတတက္ကသိုလ်
(၂၃) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

၁၅-၈-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |

# အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံး ပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီ လာရောက်ပေးဆပ်ခြင်းမရှိပါကလုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စကောင်းဖျင်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်လက်ခံတွေ့ဆုံ



မန္တလေး ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် မစ္စကောင်းဖျင် (Ms.Gao Ping) အား ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တိုးတက်အောင်ဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ယနေ့အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသားအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၈ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ အမျိုးသမီးအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၁၆ ရက် **(ယနေ့)** နံနက် ၉ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌ အမျိုးသမီးအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ အမျိုးသားအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်း ဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ကျော်လွင်(မြဝတီ)

# ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၂/ ၂၀၂၄)အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၂/၂၀၂၄)အစည်းအဝေးကို ယမန်နေ့ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင် ဦးညီညီမင်းက အမှုတွဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

ယင်းအစည်းအဝေးတွင် ရပ်ကွက်၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ ကန့်ကွက်ရန်မရှိတင်ပြလာသော တိုက်ကြီး၊ မှော်ဘီ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လှည်းကူးနှင့် ခရမ်းမြို့နယ်တို့မှ ဌာနဆိုင်ရာရုံးအဆောက်အဦများအဖြစ် မြေအသုံးပြုခွင့်များ၊ သာသနာ့မြေအဖြစ်အသုံးပြုခွင့်များကို တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးတက်ရောက်လာကြသူ(အားလုံး)၏ သဘောတူခွင့်ပြုချက်ဖြင့်လည်းကောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရလည်းကောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခဲ

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ခေါင်းလျှော်မှားလျှင် လေဖြတ်နိုင်သည်

**''လေဖြတ်နိုင်သည့် ရှေ့ပြေးလက္ခဏာများ ဥပမာ ပစ္စည်းကိုင်လျှင် မကြာခဏလွတ်ကျခြင်း၊ ခြေလက်တို့ထုံကျဉ်ခြင်း၊ မကြာခဏ ဝမ်းချုပ်ပြီး ဗိုက်တွင် လေပွနေခြင်း၊ ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း၊ လမ်းသွားလျှင် ဖိနပ်ကျွတ်ကျန်ခဲ့ခြင်း၊ ရေချိုး ပြီးလျှင် မျက်စိများနီရဲခြင်း . . .''**

လေဖြတ်ရောဂါသည် လူ၏အမှားကိုစောင့်၍ အလစ်ဝင်ရောက်တတ်သောရောဂါဖြစ်သည်။ အစားမှား၊ ရေချိုးမှား၍ ဖြစ်သူများရှိသကဲ့သို့ ခေါင်းလျှော်မှား၍ လေဖြတ်သူများလည်းရှိသည်။ ဖြစ်သည်က တစ်ခဏ ခံစားရသည်ကတစ်ဘဝဖြစ်သည်။

စာရေးသူသည် လေဖြတ်သည့်လူနာများစွာကို ကုသပေးခဲ့ပြီး ထူးဆန်းသောအဖြစ်အပျက်များကိုလည်း စာရေးလေ့ရှိသဖြင့် စာရေးသူထံရောက်လာသောသူများမှာ လူနာများအပြင် တစ်ခါတစ်ရံ စာဖတ်သူတချို့လည်း ရောက်လာလေ့ရှိသည်။

တစ်နေ့ ကျွန်တော့်ထံရောက်ရှိလာသူမှာ မကွေးတိုင်းဒေသကြီးရှိ မြို့တစ်မြို့မှ မြို့နယ်ပညာရေးမှူးဆရာကြီးတစ်ဦးဖြစ်သည်။ သူက သူ့ကိုယ်သူ လေဖြတ်နိုင်ခြင်းရှိ၊ မရှိစစ်ဆေးလိုပါသည်ဟု ပြောသည်။

လေဖြတ်နိုင်သည့် ရှေ့ပြေးလက္ခဏာများ ဥပမာ ပစ္စည်းကိုင်လျှင် မကြာခဏလွတ်ကျခြင်း၊ ခြေလက်တို့ ထုံကျဉ်ခြင်း၊ မကြာခဏဝမ်းချုပ်ပြီး ဗိုက်တွင် လေပွနေခြင်း၊ ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း၊ လမ်းသွားလျှင် ဖိနပ်ကျွတ်ကျန်ခဲ့ခြင်း၊ ရေချိုးပြီးလျှင် မျက်စိများနီရဲခြင်း စသည်တို့ကို မေးမြန်းပါသည်။ အားလုံးကင်းလွတ်ပါသည်။ သွေးပေါင်လည်းချိန်ကြည့်ပါသည်။ ပုံမှန်နီးပါးကောင်းပါသည်။ သူ့တွင် ကျွန်တော်၏ပညာဖြင့် စမ်းသပ်ရသလောက်တော့ လေဖြတ်မည့်လက္ခဏာမရှိပါ။ ထို့ကြောင့် လတ်တလောအခြေအနေ စစ်ဆေးသုံးသပ်ချက်များကောင်းနေ၍ ရုတ်တရက်လေဖြတ်ခြင်းတော့ မဖြစ်နိုင်ကြောင်း ပြောပြရသည်။

ထိုကဲ့သို့ သုံးသပ်ချက်အဖြေကောင်းနေသည့်အကြောင်းပြောသော်လည်း ထိုဆရာကြီးမှာ ဘဝင်ကျသေးပုံမပေါ်ဘဲ မေးခွန်းတစ်ခုထပ်မေးပါသည်။ ထိုမေးခွန်းမှာ လေဖြတ်တာ မျိုးရိုးလိုက်တတ်သလားဟု ဖြစ်သည်။

အတော်ဖြေရခက်သော မေးခွန်းဖြစ်ပါသည်။ လေဖြတ်ခြင်းသည် မျိုးရိုးလိုက်ဖြစ်ကြသူများလည်းရှိပါသည်။ သို့သော် တစ်ယောက်တလေသာ။ အထူးသဖြင့် အရက်မဆင်မခြင်သောက်၍ လေဖြတ်ပြီးကျန်ညီအစ်ကိုမောင်နှမများ ဘာမှမဖြစ်သူများလည်းရှိပါသည်။ သွေးတိုးနှင့်ဆီးချိုရောဂါ မျိုးရိုးလိုက်သူများပင် လူတိုင်းလေမဖြတ်ပါ။ အမှတ်တမဲ့သွေးတိုးဆီးချိုတက်သွားခြင်းကြောင့် တစ်ဦးတလေလေဖြတ်သွားသော်လည်း အစားကိုပုံမှန်ဂရုတစိုက်စားသောက်ပြီး သွေးပေါင်ချိန်ကို အစဉ်ဂရုစိုက်နေသူများမှာ သက်တမ်းစေ့နေပြီး လေမဖြတ်ပါ။ ထို့ကြောင့် မျိုးရိုးလိုက်သည်ဟူသောစကားသည် အမြဲတမ်းမမှန်ကန်ပါ။

ထိုဆရာကြီးက မျိုးရိုးလိုက်ခြင်းကို ဘာကြောင့်မေးသလဲ၊ သူဘာကိုကြောက်နေတာလဲဟု သွယ်ဝိုက်မေးမြန်းကြည့်မှ သူ့မှာအစ်ကိုတစ်ယောက်ရှိကြောင်း၊ ယခုလေဖြတ်ထားပြီး သတိလစ်နေသည်မှာ တစ်လခွဲနှစ်လခန့်ရှိပြီး ဆေးရုံပေါ်တွင်ပင် အသက်ဆက်ထားရကြောင်း COMA (ခေါ်) ဦးနှောက်တစ်စိတ်တစ်ပိုင်းသေသည့် ရောဂါမျိုးဖြစ်နေကြောင်း ပြောပြသည်။

ဖြစ်ပုံမှာ သူ၏အစ်ကိုသည် သူကဲ့သို့ ပညာများစွာမတတ်သော်လည်း စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်သူဖြစ်သည်။ တစ်ဆင့်ထက်တစ်ဆင့် မြင့်လာရာ နိုင်ငံခြားကုမ္ပဏီကြီးတစ်ခု၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်တော်ကြီးအဆင့်အထိ အောင်မြင်ပြီး သူ၏သားသမီးနှစ်ဦးကိုလည်း အမေရိကန်နိုင်ငံ၌တစ်ဦး၊ အင်္ဂလန်နိုင်ငံ၌တစ်ဦး ပညာသင်ပို့လွှတ်နိုင်ခဲ့ပြီး ဒေါက်တာဘွဲ့များပင် ရရှိပြီးကြလေပြီ။ အလွန်အမင်းချမ်းသာကြသူများဖြစ်သည်။ ညီဖြစ်သူဆရာကြီးမှာကား မြို့နယ်ပညာရေးမှူးဘဝ ဝန်ထမ်းလစာဖြင့် ရိုးရိုးနေထိုင်သူ၊ အေးချမ်းစွာနေထိုင်သူဖြစ်လေသည်။

ဆရာကြီး၏အစ်ကိုဖြစ်သူသည် စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့်အတူ အားလပ်ရက်၊ အားလပ်ချိန်များတွင် ဂေါက်ရိုက်လေ့ရှိသည်။ ဂေါက်ရိုက်ခြင်းသည် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်ပြီး လေကောင်းလေသန့်ရပြီး စိတ်ချမ်းသာမှုပေးနိုင်သည့် ကစားနည်းဖြစ်သည်။

တချို့ဂေါက်ကွင်းများတွင် စားသောက်ရန် Restaurant Bar နှင့် ခေါင်းလျှော်ရင်းအနှိပ်ခံသည့် ဆိုင်များပါရှိသည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ် မေလ မိုးခေါင်ပြီးအပူလွန်ကဲချိန်တွင်ဖြစ်သည်။ ဆရာကြီး၏အစ်ကိုနှင့် မိတ်ဆွေတစ်စုသည် မွန်းလွဲ ၂ နာရီခန့်တွင် အပူလွန်ကဲသည်ဟု ဆိုကာ ဂေါက်ကွင်းထဲမဆင်းကြသေးဘဲ အချိန်စောင့်မည်ဆိုပြီး အပန်းဖြေနားနေရာရှိ ခေါင်းလျှော်ဆိုင်သို့ အချိန်ဖြုန်းရန် ရောက်သွားကြသည်။ ခေါင်းလျှော်သူမိန်းကလေးများ၏တာဝန်မှာ ခေါင်းလျှော်သူကို အိပ်ခိုင်းပြီး ခေါင်းကိုခေါင်းလျှော်ရည်များဖြင့် အကြိမ်ကြိမ် လျှော်သည့်အပြင် ဇက်၊ ပခုံးစသည်တို့ကိုပါ နှိပ်ပြီးအကြောလျှော့ပေးတတ်ကြသည်။ ဂေါက်ရိုက်သူအားလုံးအချိန်ဖြုန်းရင်း နေပူလျှင် ခေါင်းလျှော်အနှိပ်ခံလေ့ရှိသည်ဆိုကြသော်လည်း ထိုဆရာကြီး၏အစ်ကိုကတော့ ဒီတစ်ကြိမ်သာ ခေါင်းလျှော်စင်ပေါ် ရောက်ဖူးသည်။ သူသည် အသောက်အစားကင်းသူလည်းဖြစ်သည်။ စီးကရက် တစ်နေ့တစ်ဘူးခန့်သောက်သည်ကလွဲ၍ အရက်မသောက်တတ်ပါ။ ခေါင်းလျှော်စင်ပေါ်တွင် အိပ်လိုက်ပြီးနောက် ခေါင်းလျှော်ပေးမည့် မိန်းကလေးက ဦးခေါင်းဆံပင်များကြားသို့ ရေပန်းဖြင့်ဖျန်းလိုက်သည်။

ရုတ်တရက် နေပူထဲမှလာသူဖြစ်သဖြင့် ခေါင်းထဲမှာတော့ အေးသွားသည်မှာ အမှန်ပင်။ သူ့ခေါင်းပေါ်သို့ ရေအေးများဆက်တိုက်ကျလာပြီး ခေါင်းလျှော်ရည်များဖြင့် ပွတ်သပ်ပေးနေသည်ကိုသိသည်။ ဆံပင်များကိုကုပ်လျှော်ပြီး နောက်တစ်ကြိမ် ရေအေးဖြင့် ဆေးကြောပြန်သည်။ သူ့ခေါင်းနောက်စေ့ထဲမှ ရုတ်တရက် ကျဉ်တက်သွားသလို ခံစားရသည်။ ထို့နောက် မိုက်ခနဲဖြစ်သွားသဖြင့် သူ့လက်ဖြင့် ခေါင်းကိုဆေးနေသည့် ရေပိုက်ကို လှမ်းဖယ်လိုက်ရန် ကြိုးစားလိုက်စဉ်မှာပင် သူ့လက်ပြုတ်ကျသွားပြီး သတိလစ်သွားသည်။ ဆရာကြီး၏ အစ်ကိုသည် ထိုနေ့မှာပင် ရန်ကုန်မြို့၏ နာမည်ကြီးအထူးကုဆေးရုံကြီးတစ်ခုသို့ ရောက်သွားသည်။ ဆေးရုံမှ ဓာတ်မှန်စစ်ဆေးချက်များအရ ဦးနှောက်သွေးကြောတစ်ခုပေါက်သွားကြောင်း တွေ့ရသည်။ သူ့တွင် ရန်ကုန်မြို့၌ ဆွေမျိုးသားချင်းမရှိ။ သူ့မိတ်ဆွေများကပင် ဆရာကြီးထံ အကြောင်းကြားသည်။ ဆရာကြီးရောက်သွားပြီးမှ အမေရိကန်နိုင်ငံရှိ သူ့သမီးကြီးကိုအကြောင်းကြားရသည်။ ရန်ကုန်မြို့မှ ဆရာဝန်ကြီးများ၏စစ်ဆေးချက်အရ ဦးနှောက်ကို ခွဲစိတ်ကုသရမည်ဖြစ်သည်။ သားသမီးများ၏ ခွင့်ပြုချက်လိုသည်။ သားသမီးများကို ရန်ကုန်ကုမ္ပဏီရုံးချုပ်မှလှမ်း၍ ခွင့်ပြုချက်တောင်းသည်။ သူတို့က ရန်ကုန်မှာမခွဲစေချင်၍ ဗန်ကောက်ရှိ နာမည်ကြီးဆေးရုံတစ်ခုသို့ခေါ်လာစေချင်သည်။ အမေရိကန်နိုင်ငံမှ ဦးနှောက်ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးကို ဗန်ကောက်အထိပင့်လာပြီး ဗန်ကောက်တွင် ခွဲစိတ်မည်ဟုပြောသည်။

ချမ်းသာပြီး နိုင်ငံခြားကုမ္ပဏီ၏ကိုယ်စားလှယ်လည်းဖြစ်သဖြင့် လေယာဉ်ကိုစင်းလုံးငှားရန်စီစဉ်ကြသည်။ ဗန်ကောက်တွင် ဦးခေါင်းခွဲစိတ်မှုပြုလုပ်ပြီး ဦးနှောက်ထဲမှ သွေးခဲများကို ဖယ်ရှားလိုက်ကြသည်။ သို့သော် သတိတော့ပြန်လည်မလာပါ။ အချိန်ခြောက်နာရီခန့် နောက်ကျသွားသည်။ ဦးနှောက် အစိတ်အပိုင်းတချို့သေသွားပြီ။ ဆက်၍လည်း COMA ရသွားနိုင်သည်ဟု အမေရိကန်နိုင်ငံမှ ပါရဂူကြီးက ပြောသည်။ လက်မလျှော့သေးဘဲ တန်ဖိုးကြီးဆေးများသွင်းပြီး ကြိုးစားကြသေးသည်။ ထူးမလာ။ တစ်လကျော်ကြာပြီးနောက် လေယာဉ်စင်းလုံးငှားပြီး ရန်ကုန်မြို့သို့ပြန်ခေါ်လာကြသည်။ အသက်မသေ၊ သတိလည်းပြန်မရနှင့်ယခုအထိ နှစ်လနီးပါးရှိနေပြီဖြစ်ကြောင်း ဆရာကြီးကပြောပြပါသည်။

ရုတ်တရက် နေပူထဲမှလာပြီး ခေါင်းကိုရေအေးဖြင့် လျှော်ခြင်းကြောင့်ဖြစ်ရခြင်းမှာ လေဖြတ်သည့် မျိုးရိုးပါခြင်းကြောင့်မဟုတ်ပါ။ အပူအအေးဆန့်ကျင်ဘက်တိုက်ပွဲကြောင့် ရုတ်တရက်လေဖြတ်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဆရာကြီးကိုလည်း ရှင်းပြနှစ်သိမ့်လိုက်ရပါသည်။ မိမိတို့ဆွေမျိုး ညီအစ်ကိုမောင်နှမအတွင်းတွင် တစ်ဦးတစ်ယောက်လေဖြတ်သည်နှင့် မျိုးရိုးလိုက်ပြီး လေဖြတ်နိုင်သည်ဟု စိတ်အစွဲမထားရန် လေဖြတ်သူမှာလည်း မျိုးရိုးကြောင့်လား၊ အပြုအမူအနေအထိုင်မှားယွင်းသဖြင့် ရုတ်တရက် လေဖြတ်ရခြင်းလားဆိုသည်ကို ဆန်းစစ်ရမည်ဖြစ်သည်။ နေပူပြင်းမှုလွန်ကဲသောအချိန်များတွင် ခေါင်းလျှော်လျှင် ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်သည်အထိ ဒုက္ခပေးနိုင်သဖြင့် အထူးသတိပြုဆင်ခြင်ကြရန် လိုအပ်ပါသည်။

လေဖြတ်လျှင် ငွေကြေးကုန်ကျမှုအလွန်များပြီး ရာနှုန်းပြည့် ပြန်ကောင်းသူအလွန်ရှားပါသည်။ မိမိရှာဖွေထားသော စည်းစိမ်ဥစ္စာများမှာ လေဖြတ်ခြင်းကြောင့် ကုန်သွားနိုင်ပါသည်။ လေဖြတ်ပြီးအသက်မသေဘဲ ၁၀ နှစ်ကျော် အသက်ရှည်နေသူများကို တွေ့ဖူးပါသည်။ ကြာတော့ ပြုစုသူသားသမီးများကပင် ငြီးငြင်လာကြသည်ကိုတွေ့ရပါသည်။ ခေါင်းလျှော်ခြင်းကဲ့သို့ အသေးအဖွဲကိစ္စလေးကြောင့်ပင် လေဖြတ်နိုင်သဖြင့် သတိပြုဆင်ခြင်ကြရန် ရေးသားလိုက်ရပါသည်။ ။

ကြည်လွင်မြင့်(မုဒြာ)

# ကျိုက်မရောမြို့နယ်၌ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုဟောပြောပွဲကျင်းပ



ကျိုက်မရော ဩဂုတ် ၁၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ကျိုက်မရော) ပညာ့အားမာန်ခန်းမ၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုဟောပြောပွဲကို ဩဂုတ်လ ၁၅ ရက်တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးကြီးကြပ်- ၁ ဆရာမဒေါ်နန်းလှဝင်းရီက ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အကြောင်းဟောပြောပြီး ကျန်းမာရေးဆေးခန်းမှ ဆရာမဒေါ်မီမီထွန်းက မျက်စိကျန်းမာရေးအတွက် ကျောင်းသား၊ ကျောင်းသူများ လိုက်နာဆောင်ရွက်ရမည့် ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ မျက်စိအားကောင်းစေရန် စားသုံးရမည့်အစားအစာအုပ်စုများနှင့် မျက်စိအားကောင်းစေရန် အသုံးပြုရမည့်ဆေးဝါးများ၊ အာဟာရဖွံ့ဖြိုးရေး၊ ရောဂါကာကွယ်စေနိုင်သော အစားအစာအုပ်စုများအကြောင်း ဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ အခြေခံပညာ အထက်တန်းကျောင်း (ကျိုက်မရော) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်သန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချို့မြတ်မြတ်ထွေး(ပြန်/ဆက်)

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်း နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၁၅

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း(Corruption Risk Assessment–CRA) နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ သင်တန်းနည်းပြဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့်လည်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး(Corruption Prevention Unit – CPU) များကို ဌာနစိတ်၊ ဌာနစု၊ ဌာနခွဲအလိုက်ဖွဲ့စည်းပြီး အဂတိလိုက်စားမှုများလျှော့နည်းပပျောက်ရေးအတွက် ညွှန်ကြားချက်များနှင့်အညီ အထူးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းနည်းပြဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသို့ အရာထမ်းသင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့်ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၀ နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ




ပဲခူး ဩဂုတ် ၁၅

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၀ နှစ်အောက် အမျိုးသား/ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ဥသ္သာမြို့သစ်ရှိ ပဲခူးခရိုင်အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် အမျိုးသားမီတာ ၈၀၀၊ အမျိုးသမီး မီတာ ၂၀၀ နှင့် အမျိုးသားမီတာ ၄၀၀ လက်ဆင့်ကမ်းယှဉ်ပြိုင်နေမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များ၊ ဒေသခံပြည်သူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ အမျိုးသား/အမျိုးသမီး မီတာ ၁၆၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး အလျားခုန်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ပထမဆုရရှိသော ပဲခူးခရိုင်အသင်း၊ ဒုတိယရရှိသော ပြည်ခရိုင်အသင်း၊ တတိယရရှိသော တောင်ငူခရိုင်အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို စီးပွားရေးရာဝန်ကြီးကလည်းကောင်း၊ အမျိုးသားတံခွန်စိုက် ပထမဆုရရှိသော ပြည်ခရိုင်အသင်း၊ ဒုတိယရရှိသော ပဲခူးခရိုင်အသင်း၊ တတိယရရှိသော တောင်ငူခရိုင်အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း ဆုများအသီးသီးပေးအပ်ခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် အသက် ၂၀ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုရရှိသော ပဲခူးခရိုင်အသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ငွေကျပ် ၁၅ သိန်းအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## ကျေးဇူးလည်ပြန်

◆ တစ်နှံ့စပါး၊ တို့အားထား၍
ဝမ်းခါးလှစေ အဆာပြေခဲ့။

◆ ရေမှုတ်တစ်ရိုး၊ သောက်ယူချိုး၍
ညှိုးရိပ်ကင်းစင် အားသစ်ဝင်ခဲ့။

◆ လမ်းငယ်မှုန်မွှား၊ စမ်းလျှောက်သွား၍
ရှည်လျားကွေ့ကောက် ခရီးပေါက်ခဲ့။

◆ ယနေ့သောခါ၊ ဘဝတာ၌
ကြာရှည်ရင့်ညောင်း၊ နှစ်တို့ဟောင်းသော်
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍
ဆန်အိုးလည်းပြည့်၊ ရေကြည်တွေ့လျှင်
တွေးမြင်စိတ်မှာ၊ ဇာတိရွာ၏
လာခဲ့ရေးရေး၊ ဟိုအဝေးက
ရေအေးတစ်မှုတ်၊ ဆန်တစ်ဆုပ်နှင့်
သေးနုပ်မှိန်မှေး၊ လမ်းကလေးသို့
ကျေးဇူးတော်ဦး၊ အထူးထူးကို
ဆပ်ဖူးကျေချင်၊ တသွင်သွင်တည့်
စိတ်လျှင် စမ်းနယ်သာတကား။ ။

ညိမ်းညို

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များကို ဩဂုတ်လ ၁၆ ရက်မှ ၁၉ ရက်ထိ ဆက်လက်ကျင်းပသွားမည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များကို ဩဂုတ်လ ၁၆ ရက်မှ ၁၉ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များအဖြစ် ဩဂုတ်လ ၁၆ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဩဂုတ်လ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ ဩဂုတ်လ ၁၈ ရက်ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့အားကစားကွင်း၌ ရောဂတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ ဩဂုတ်လ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပွဲစဉ် ခြောက်ပွဲကစားပြီးချိန်၌ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၁၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဂိုးကွာခြားချက်အသာဖြင့် ရပ်တည်လျက်ရှိနေသော်လည်း ဟံသာဝတီယူနိုက်တက်အသင်းက ငါးပွဲနိုင် တစ်ပွဲသရေ ရမှတ် ၁၆ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာမှ ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

စည်သူအောင်

# ဆန်အိတ်များကို အိမ်အရောက်ပို့စနစ်ဖြင့် အိမ်ထောင်စုပေါင်း ၁၀၀၀ ကျော်ကို ရောင်းချပေးခဲ့ပြီးဖြစ်



ရန်ကုန် ဩဂုတ် ၁၅

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ဇူလိုင်လ ၁၀ ရက်မှစ၍ ဆန်အိတ်များကို အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ဩဂုတ်လ ဒုတိယပတ်အထိ အိမ်ထောင်စုပေါင်း ၁၀၀၀ ကျော်နှင့် ဌာနဆိုင်ရာများ၏ မှာယူမှုများကို ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှကြီးမှူးပြီး ဈေးကွက်အတွင်း ဆန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ လစဉ်ထုတ်ပြန်ပေးလျက်ရှိသည့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း အိမ်အရောက်ပို့စနစ်ဖြင့် ဆန်အိတ်များကို ရောင်းချပေးနေခြင်းဖြစ်သည်။

“နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမှာ ဆန်အိတ်တွေကို အိမ်အရောက်ပို့စနစ်နဲ့ ရောင်းချပေးတာ အခုဆိုရင် အိမ်ထောင်စုပေါင်း ၁၀၀၀ ကျော်ရှိသွားပြီ။ ဒါ့ပြင် ဌာနဆိုင်ရာဝန်ထမ်းတွေ၊ စက်ရုံဝန်ထမ်းတွေ၊ ပုဂ္ဂလိကစက်ရုံ ဝန်ထမ်းတွေကိုလည်း လိုအပ်လို့မှာယူရင် ရောင်းချပေးပါတယ်။ ရန်ကုန်မှာဆိုရင် လက်လီဆိုင်ပေါင်း ၆၀ ကျော်ကတစ်ဆင့် ရောင်းချပေးနေပါတယ်။ အဲဒီလို လုပ်ငန်းစဉ်တွေနဲ့ ဆန်ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်နေတယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ဆောင်နေသကဲ့သို့ ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများကိုလည်း စားသုံးသူရေးရာဦးစီးဌာနမှ လစဉ်ထုတ်ပြန်ပေးလျက်ရှိသည့် သတ်မှတ်ရည်ညွှန်းဈေးနှင့်အညီ လွတ်လပ်စွာ အရောင်းအဝယ်ပြုလုပ်နိုင်စေရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရှိ ဆန်စက်များ၊ ဆန်အရောင်းဆိုင်များ၊ ဆန်ကုန်သည်များနှင့် ဆန်လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ လစဉ်ထုတ်ပြန်ပေးလျက်ရှိသည့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချကြရန်နှင့် ဆန်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ အရည်အသွေး မမှန်မကန်ရောင်းချခြင်း၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများနှင့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မှု မရှိခြင်းတို့အပေါ် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# မုန်ပင်ဆည်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကန်တောင်ကျေးရွာအုပ်စု မုန်ပင်ဆည်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဩဂုတ်လ ၁၅ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးရဲအောင်က စီမံကိန်းလက်စွဲပါ အချက်များနှင့်အညီ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းအဖွဲ့ဝင် ငါးဦးကို ရွေးချယ်ဖွဲ့စည်းပေးသည်။

မိတ္ထီလာမြို့နယ် မုန်ပင်ဆည်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းပံ့ပိုးငွေ ငွေကျပ် သိန်းသုံးရာဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သူသူငြိမ်း**

# ရေနစ်မြုပ်မှုကြောင့် ပြန်လည်စိုက်ပျိုးရန်လိုအပ်သည့် စပါးစိုက်ခင်းများကို အတိုးမဲ့မျိုးစပါးနှင့် ဓာတ်မြေဩဇာဖိုးငွေ ကူညီပေးရန် စီစဉ်ထားဟုသိရ

ရန်ကုန် ဩဂုတ် ၁၅

ရေနစ်မြုပ်မှုကြောင့် ပြန်လည်စိုက်ပျိုးရန်လိုအပ်သည့် စပါးစိုက်ခင်းများကို အတိုးမဲ့မျိုးစပါးနှင့်ဓာတ်မြေဩဇာဖိုးငွေကူညီပေးရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများခဲ့ပြီး မြန်မာနိုင်ငံတွင်ရှိသည့် မိုးစပါးစိုက်ပျိုးဧရိယာများမှ ဧက ကိုးသိန်းကျော်၊ တစ်သန်းနီးပါးလောက် ရေလွှမ်းသောဒဏ်ကိုခံခဲ့ရရာ အချို့နေရာတွင် ပျိုးခင်းများ ရေမြုပ်သည့်အခါ ပြန်စိုက်ရခြင်းနှင့်ပျက်စီးသွားခြင်းမျိုးများလည်းရှိ၍ အစိုးရဘက်ကလည်း ထိုက်သင့်သည့် ပံ့ပိုးကူညီမှုများလုပ်ဆောင်ပြီး ဆန်စပါးအသင်းချုပ်အနေဖြင့်လည်း ထိုက်သင့်သည့်ပံ့ပိုးကူညီမှုများလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

“ရေလွှမ်းတဲ့အနေအထားအပေါ်မှာတော့ စပါးသီးနှံက ရေရဲ့ဒဏ်ကိုတော့ အထိုက်အလျောက်ခံနိုင်တယ်၊ တချို့ရေပြန်ပေါ်သွားတဲ့နေရာ၊ ရေကျသွားတဲ့နေရာမှာတော့ ဘာမှသိပ်ပြီးတော့ဆောင်ရွက်ဖို့ မလိုအပ်တဲ့အနေအထားရှိပါတယ်။ ဒါပေမဲ့ တချို့နေရာမှာတော့ ပျိုးခင်းတွေရေမြုပ်တဲ့အခါမှာ ပြန်စိုက်ရတာတို့၊ ပျက်စီးသွားတာတို့ ဒါမျိုးတွေလည်းရှိပါတယ်။ ဒီအပေါ်မှာ အစိုးရဘက်ကနေလည်း ထိုက်သင့်တဲ့ ပံ့ပိုးကူညီမှုတွေလုပ်တယ်။ ကျွန်တော်တို့ အောက်ခြေမှာရှိတဲ့ ဆန်စက်လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေ၊ ဆန်စပါးအသင်းချုပ်အနေနဲ့လည်း ထိုက်သင့်တဲ့ပံ့ပိုးကူညီမှုတွေ လုပ်ဖို့စီစဉ်ထားပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ဒါတွေကို စာရင်းနဲ့စနစ်တကျတင်ပြလာတယ်ဆိုရင် မျိုးကိစ္စတွေ၊ ဓာတ်မြေဩဇာကိစ္စတွေ စီစဉ်ပေးဖို့လုပ်ထားတာရှိပါတယ်၊ ကျွန်တော်တို့အနေနဲ့ကတော့ ပြန်စိုက်ဖို့လိုအပ်တဲ့အနေအထားအပေါ်မှာ ကြည့်ပြီးတော့ ငွေပြန်ပေးချေမှုကို အကြွေးပေးလိုက်တဲ့သဘောပေါ့။ အတိုးမဲ့မျိုးနဲ့ မြေဩဇာကိုပေးဖို့စီစဉ်ထားပါတယ်၊ တချို့အတော့်ကိုခက်ခဲတဲ့နေရာမှာတော့ လှူလိုက်တဲ့ပုံစံမျိုးလေးလုပ်ဖို့ရှိပါတယ်။ ဒီအပေါ်မှာတော့ ကျွန်တော်တို့က စနစ်တကျပြန်စိစစ်ပြီးတော့ဆောင်ရွက်နေတဲ့အနေအထားဖြစ်ပါတယ်။ တင်ပြလာတဲ့အပေါ်မှာတော့ ဆောင်ရွက်ဖို့ရှိပါတယ်”ဟု ဦးရဲမင်းအောင်က ပြောသည်။

ပြန်လည်စိုက်ပျိုးရန်လိုအပ်သည့် စာရင်းများကို စိစစ်နေပြီး မျိုးစပါးနှင့် ဓာတ်မြေဩဇာကိစ္စစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။ ရေမြုပ်သွားသည့်နေရာတိုင်းမှ စပါးခင်းတိုင်းပျက်စီးမသွားဘဲ ပြန်ပေါ်နိုင်သည့် အနေအထားအများကြီးရှိပြီး ရေပြန်ကျသွားပါက လိုအပ်သည့်အားဆေး၊ မြေဩဇာများကျွေးကာ ရောဂါပိုးမွှားမကျပါက ထိခိုက်မှုနည်းပါးကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**MT**

# ငဖဲမြို့နယ်၌ အသက်ခြောက်လမှငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးများတိုက်ကျွေးပေး

ငဖဲ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးငယ်များ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေရန်၊ ကျန်းမာသန်စွမ်းပြီး ရောဂါကူးစက်မှုမှ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဗီတာမင်အေနှင့် သန်ချဆေးများတိုက်ကျွေးခြင်းကို ဩဂုတ်လ ၁၅ ရက်တွင် အဆိုပါကျန်းမာရေးဌာနရုံး၌ ဆောင်ရွက်ပေးကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်သန်းသန်းနှင်းနှင့် ဝန်ထမ်းများက ကာကွယ်ဆေးထိုးရန် လာရောက်သည့် မြို့ပေါ်ရပ်ကွက်များမှ ကလေးမိခင်များအား ဗီတာမင်အေနှင့်သန်ချဆေးများတိုက်ကျွေးပေးသည့်အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေးပြောကြားသည်။ ထို့နောက် ကလေးငယ်များကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ လက်မောင်းလုံးပတ်တိုင်းတာခြင်းနှင့် အရပ်တိုင်းတာခြင်းများ ဆောင်ရွက်ကာ အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးပေးသည်။

ငဖဲမြို့နယ် ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ မွေးကင်းစမှ အသက် ၁၀ နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအားကာကွယ်ဆေးများကို လစဉ်ပုံမှန်ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ညနေပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် လယ်ဝေး-ဥသျှစ်လှိုင်း ကျေးရွာသွားလမ်းရှိလမ်းဦးစီးဌာန(ကြီးကြပ်ရေးအဖွဲ့)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မဒေါ့ပင်အုပ်စု ဂုဏ်မင်းမြောင်ကျေးရွာအဝင် တံတားအမှတ်(၃/၇) ယာယီဘေလီတံတား ဆောင်ရွက်နေမှု အခြေအနေနှင့် လယ်ဝေး-ဥသျှစ်လှိုင်းကားလမ်းတစ်လျှောက် လမ်းများပျက်စီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စု မယ်ဇလီကုန်းကျေးရွာ ကွင်းအမှတ်(၁၆၆၃) မိုးစပါးစိုက်ဧက ၅၀ တွင် နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ကြီးများဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး စက်စွမ်းအားပြည့်ဖြင့်လယ်ယာမြေများစိုက်ပျိုးပေးနိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ မျိုးကောင်းမျိုးသန့်များအသုံးပြုနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန်ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ဧီးဖြူပင်ကျေးရွာ၌ သုတအလင်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

ဦးစွာ သုတအလင်းစာကြည့်တိုက် အဆောက်အအုံအသစ်ကို နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပျဉ်းမနားခရိုင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးနှင့် ဧီးဖြူပင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်ဆိုင်ရာအချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ထံလွှဲပြောင်းပေးအပ်ပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုက လက်ခံရယူသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး စာကြည့်တိုက်အတွင်း လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနား-ညောင်ပင်သာကျေးရွာနှင့်မွန်းတည့်ခွင်သို့ ဆက်သွယ်ထားသည့်ကတ္တရာလမ်းပေါ်တွင် လမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများနှင့် တံတားအမှတ်(၂/၂၀)ပေ ၆၀ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်သာယာလှပရေးနှင့်ရေလယ်ဘုရားကျောင်းဆောင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ပြန်/ဆက်)

# မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၅

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၈၀ ပါးတို့ကို အဆိုပါမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌လည်းကောင်း၊ တနိုင်းမြို့ပေါ်ရှိ သံဃာတော် ၂၆ ပါးနှင့် ဒေသခံပြည်သူ ၂၅ ဦးတို့ကို အဆိုပါမြို့ရှိ ဇေယျာသီရိပရိယတ္တိစာသင်တိုက်၌လည်းကောင်း ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့်ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံများသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဩဂုတ် ၁၅

၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး တင်ဒါအမှတ်(၅)နှင့် တင်ဒါအမှတ်(၆)တို့မှ ပုလဲအတွဲပေါင်း (၂၄၀) နှင့် တင်ဒါမအောင်မြင်ခဲ့သည့် ပုလဲအတွဲများကို တင်ဒါဖွင့်ဖောက်ရောင်းချခဲ့ကာ မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။



နံနက်ပိုင်းမှစ၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသော ကျန်ရှိနေသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြကာ တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ် (၄၆၁)မှ အတွဲအမှတ် (၅၈၀) အထိနှင့် တင်ဒါအမှတ်(၆) ဖြစ်သည့် ပုလဲအတွဲအမှတ် (၅၈၁) တွဲမှ ပုလဲအတွဲအမှတ် (၇၀၀) အထိ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ညနေပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တင်ဒါအမှတ်(၅)နှင့် တင်ဒါအမှတ်(၆)တို့မှ ပုလဲအတွဲပေါင်း (၂၄၀) အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း (၁၉၆)တွဲ ရောင်းချရကြောင်းကြေညာပြီး ယခင်နေ့များက တင်ဒါအမှတ်(၁)မှ တင်ဒါအမှတ်(၅)အထိ တင်ဒါမအောင်မြင်ခဲ့သည့် ပုလဲတွဲများကို တင်ဒါပြန်လည်ခေါ်ယူခဲ့ရာ ပုလဲအတွဲ (၁၄)တွဲ တင်ဒါအောင်မြင်ခဲ့၍ ယနေ့တွင် ပုလဲအတွဲပေါင်း( ၂၁၀)ကို ရောင်းချနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ်လ ၁၂ ရက်မှ ၁၅ ရက်အထိကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပုလဲရောင်းချပွဲ ဒုတိယနေ့တွင် ပုလဲအတွဲပေါင်း (၂၃၀) အနက် ပုလဲအတွဲ(၁၇၇)တွဲကိုလည်းကောင်း၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း (၂၃၀) အနက် ပုလဲအတွဲ (၁၈၄)တွဲကိုလည်းကောင်း၊ စတုတ္ထနေ့တွင် ပုလဲအတွဲပေါင်း (၂၄၀)အနက် ပုလဲအတွဲ (၁၉၆) တွဲနှင့်ထပ်မံရောင်းချရသည့်ပုလဲအတွဲ (၁၄) တွဲ စုစုပေါင်း အတွဲ (၂၁၀) တို့ကို ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောင်မြင်စွာရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ဥရောပစူပါဖလားဖိုလ်လုပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းက အတ္တလန်တာအသင်းကိုအနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူး




မက်ဒရစ် ဩဂုတ် ၁၅

ဥရောပစူပါဖလားဖိုလ်လုပွဲအဖြစ် ပိုလန်နိုင်ငံတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အတ္တလန်တာအသင်းတို့ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက ၂ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီးနောက် ယခုဘောလုံးရာသီတွင် ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဥရောပစူပါဖလားဖိုလ်လုပွဲကို ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံဖလားဆွတ်ခူးပေးနိုင်ခဲ့သော ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယူရိုပါလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့သည့် အတ္တလန်တာအသင်းတို့ကစားခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ အသစ်ခေါ်ယူထားသည့် တိုက်စစ်ကစားသမား အမ်ဘာပီသည် ရီးယဲလ်မက်ဒရစ်အသင်းကစားသမားဘဝ ပထမဆုံးပွဲစဉ်အဖြစ် စတင်ကစားခြင်းဖြစ်ပြီး အသင်းနှင့်ပထမဆုံးပွဲတွင်ပင် ပထမဆုံးသွင်းဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဥရောပအဆင့်ပြိုင်ပွဲများတွင် အအောင်မြင်ဆုံးကလပ်အသင်းအဖြစ် ရပ်တည်နေသည့် ရီးယဲလ်မက်ဒရစ်အသင်းသည် အတ္တလန်တာအသင်းကိုဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနှင့် ပွဲချိန်တစ်လျှောက်လုံးဖိအားပေးကစားနိုင်ပြီး ပွဲချိန် ၅၉ မိနစ်တွင် ဗယ်လ်ဗာဒီနှင့် ပွဲချိန် ၆၈ မိနစ်တွင် အမ်ဘာပီတို့က ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ပြီး ယခုဘောလုံးရာသီတွင် ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဥရောပစူပါဖလားပြိုင်ပွဲတွင် ဖိုလ်လုပွဲ ကိုးကြိမ်ကစားရာ၌ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၊ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ၊ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ၊၂၀၂၂-၂၀၂၃ ဘောလုံးရာသီနှင့် လက်ရှိ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတို့တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး ၁၉၉၈-၁၉၉၉ ဘောလုံးရာသီ၊ ၂၀၀၀-၂၀၀၁ ဘောလုံးရာသီနှင့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတို့တွင် ဒုတိယဆုဆွတ်ခူးနိုင်ခဲ့သည်။

အတ္တလန်တာအသင်းသည် ဥရောပစူပါဖလားဖိုလ်လုပွဲကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ်ပါဝင်ကစားခဲ့ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။ *Ref;Fotmob*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမား ရှာကီရီကို ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

■ မန်ယူအသင်းက လက်ရှိအပြောင်းအရွှေ့ကာလအစပိုင်းကတည်းက ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားသည့် ပီအက်စ်ဂျီအသင်းကစားသမား အူဂါတီကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။

■ လီဗာပူးအသင်းက ဗလင်စီယာအသင်း ဂိုးသမား ဒက်ရှ်ဗီလီကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ ကစားသမားဖြစ်သူနှင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ပြီး ဗလင်စီယာအသင်းနှင့် ပြောင်းရွှေ့ကြေးဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

■ ဆော်ဒီပရိုလိဂ်အသင်းဖြစ်သည့် အယ်ကတ်စီယာအသင်းက ရိုးမားအသင်းမှ အရောင်းစာရင်းတင်ထားသည့် တိုက်စစ်ကစားသမားဒိုင်ဘာလာကို စာချုပ်ဖျက်သိမ်းကြေး ယူရို ၁၂ သန်းပေးချေပြီး သုံးနှစ်စာချုပ်အတွက် လုပ်ခလစာ ယူရို ၄၅ သန်းပေးချေပြီးခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## ဝါရင့်ကစားသမားနှစ်ဦးဖြစ်သည့် ဘရာဇိုဗစ်ချ်နှင့် ဒါလေဘာလိုင်းတို့ သက်ဆိုင်ရာလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာ

အမ်စတာဒမ် ဩဂုတ် ၁၅

ဝါရင့်ကစားသမားနှစ်ဦးဖြစ်သည့် ဘရာဇိုဗစ်ချ်နှင့် ဒါလေဘာလိုင်းတို့သည် သက်ဆိုင်ရာလက်ရွေးစင်အသင်းများဖြစ်သည့် ခရိုအေးရှားအသင်းနှင့် နယ်သာလန်အသင်းကစားသမားဘဝမှ အပြီးတိုင်အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၃၁ နှစ်အရွယ် လက်ရှိအယ်နာဆာအသင်း ကွင်းလယ်ကစားသမား ဘရာဇိုဗစ်ချ်သည် ခရိုအေးရှား ယူ-၂၁ အသင်းတွင်လည်း ပါဝင်ကစားပြီးနောက် ၂၀၁၄ ခုနှစ်မှစတင်ပြီး ခရိုအေးရှားအသင်းကြီးအတွက် စတင်ပါဝင်ကစားပေးခဲ့ကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် အဓိက ကစားသမားအဖြစ်ပါဝင်ပြီး ပြီးခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲအထိပါဝင်ကစားပေးပြီးနောက် ခရိုအေးရှားအသင်း ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘရာဇိုဗစ်ချ်သည် ခရိုအေးရှားအသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၉၈ ပွဲပါဝင်ကစားပြီး ခုနစ်ဂိုးသွင်းယူနိုင်ကာ အသင်းနှင့်အတူ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယဆုနှင့် ၂၀၂၂-၂၀၂၃ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် ဒုတိယဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ အသက် ၃၄ နှစ်အရွယ် လက်ရှိဂျီရိုနာအသင်း ခံစစ်ကစားသမား ဒါလေဘာလိုင်းသည်လည်း နယ်သာလန် ယူ-၂၁ အသင်းတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပါဝင်ကစားပြီးနောက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး နယ်သာလန်အသင်းကြီးအတွက် စတင်ပါဝင်ကစားခဲ့သည်။ ဒါလေဘာလိုင်းသည် အသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲများတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ကာ နိုင်ငံတကာပြိုင်ပွဲစုံ ၁၀၈ ပွဲပါဝင်ကစားပေးပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက် ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုထားသည့်အသင်းများတွင် ချယ်လ်ဆီးအသင်းထိပ်ဆုံး၌ရပ်တည်

လန်ဒန် ဩဂုတ် ၁၅

အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက်တွင် ပြောင်းရွှေ့ကြေး အများဆုံးအသုံးပြုထားသည့် အသင်းများစာရင်းတွင် ချယ်လ်ဆီးအသင်းက ထိပ်ဆုံး၌ရပ်တည်နေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ပိုင်ရှင်ဟောင်း အီဗရာမိုဗစ်ချ်နှင့် လက်ရှိအသင်းပိုင်ရှင် တော့ဘိုလီလက်ထက်၌ ပြောင်းရွှေ့ကြေးအသုံးစရိတ်အများအပြားအသုံးပြုကာ ကစားသမားအများအပြားခေါ်ယူပြီး လက်ရှိအချိန်တွင် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃ ဒသမ ၈၇ ဘီလီယံ အသုံးပြုထားကာ ပြောင်းရွှေ့ကြေးအများဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

ချယ်လ်ဆီးအသင်းနောက်တွင် ပြောင်းရွှေ့ကြေးအများအပြားအသုံးပြုပြီး ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်ခဲ့သည့် မန်စီးတီးအသင်းက စတာလင်ပေါင် ၂ ဒသမ ၈၇ ဘီလီယံဖြင့် အဆင့်(၂) နေရာ၌ ရပ်တည်နေသည်။

မန်စီးတီးအသင်းက စတာလင်ပေါင် ၂ ဒသမ ၈၇ ဘီလီယံဖြင့်အဆင့်(၂)၊ မန်ယူအသင်းက ၂ ဒသမ ၇၁ ဘီလီယံဖြင့် အဆင့်(၃)၊ လီဗာပူးအသင်းက ၂ ဒသမ ၁၅ ဘီလီယံဖြင့် အဆင့် (၄)၊ စပါးအသင်းက ၂ ဒသမ ၁၃ ဘီလီယံဖြင့် အဆင့် (၅)၊ အာဆင်နယ်အသင်းက ၂ ဒသမ ၀၁ ဘီလီယံဖြင့် အဆင့်(၆)၊ နယူးကာဆယ်အသင်းက ၁ ဒသမ ၅၄ ဘီလီယံဖြင့် အဆင့်(၇)၊ အက်စ်တွန်ဗီလာအသင်းက ၁ ဒသမ ၄၄ ဘီလီယံဖြင့် အဆင့်(၈)၊ ဝက်စ်ဟမ်းအသင်းက ၁ ဒသမ ၄၂ ဘီလီယံဖြင့် အဆင့်(၉)နှင့် အဲဗာတန်အသင်းက ၁ ဒသမ ၂၆ ဘီလီယံဖြင့် အဆင့်(၁၀)နေရာ၌ အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ *Ref;Transfer Market*



## ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၅

ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲပြုစုပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်များတောင်းခံခဲ့ကြောင်း၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အချောသပ်ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ ဥပဒေ(မူကြမ်း)အား ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦများနှင့် အီလက်ထရွန်နစ်သတင်းအချက်အလက်များ လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရန်၊ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆိုက်ဘာမှုခင်းများကို ထိရောက်စွာစုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ ပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)သည် မူဝါဒနှင့်သက်ဆိုင်သည့် အရေးကြီးသောဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါဥပဒေ(မူကြမ်း)အား ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **( သတင်းစဉ်)**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်း မြို့နယ် သရက်ပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း စာသင်ဆောင်၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်ဟန်ဇော်က "လူကုန်ကူးမှုနှင့်လူမှောင်ခိုမှု" ခေါင်းစဉ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စာဖတ်ရှိန်မြှင့်တင်ရေး "စာဖတ်ခြင်းနှင့်အနာဂတ်" ခေါင်းစဉ်ဖြင့်ဟောပြောပြီး သရက်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငြိမ်းချမ်းစိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ လူကုန်ကူးမှုအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကလေးများအတွက် အသိပညာပေးနံရံကပ်စာစောင်များ၊ သုတရသစာအုပ်စာစောင်များအား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (၄၁၃)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၂၉၈၅ | ၂၉၆၀ | ၂၉၃၀ | ၂၉၈၅ | ၂၉၉၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၉၀ | ၃၁၂၀ | ၂၉၇၀ | ၂၉၉၀ | ၃၀၂၀ | ၃၀၁၀ | ၃၀၂၀ | ၃၄၂၅ | ၆၁၀၀ |
| 95 Ron | ၃၀၄၅ | ၃၁၂၅ | ၃၁၀၀ | ၃၀၅၅ | ၃၁၃၀ | ၃၁၄၀ | ၃၁၅၅ | ၃၁၀၀ | ၃၂၃၅ | ၃၂၆၅ | ၃၁၁၅ | ၃၁၃၀ | ၃၁၆၅ | ၃၁၅၀ | ၃၁၆၅ | ၃၅၇၀ | ၆၃၀၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၄၀ | ၂၆၁၅ | ၂၅၆၅ | ၂၆၄၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၂၀ | ၂၇၄၅ | ၂၇၇၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၇၅ | ၂၆၆၅ | ၂၆၇၅ | ၃၀၈၀ | ၆၁၀၀ |
| HSD (50 ppm) | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၀ | ၃၁၉၅ | ၃၂၀၅ | ၃၂၂၀ | ၃၁၇၅ | ၃၃၀၀ | ၃၃၃၀ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၀ | ၃၂၂၀ | ၃၂၃၀ | ၃၆၃၅ | ၆၁၀၀ |
| HSD (10 ppm) | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၀ | ၃၁၉၅ | ၃၂၀၅ | ၃၂၂၀ | ၃၁၇၅ | ၃၃၀၀ | ၃၃၃၀ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၀ | ၃၂၂၀ | ၃၂၃၀ | ၃၆၃၅ | ၆၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၄၈ | ၂၈၃၇ |
| 95 Ron | ၂၈၈၈ | ၂၉၇၉ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၃ |
| HSD (50 ppm) | ၂၉၅၃ | ၃၀၄၁ |
| HSD (10 ppm) | ၂၉၅၃ | ၃၀၄၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းအောင်ကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# အဝေးသင်သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၁၆-၉-၂၀၂၄ ရက်နေ့အထိ သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်ကြရန် ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



မြဝတီ ဩဂုတ် ၁၅

ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌဖလား အသင်းငါးသင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲသို့တက်ရောက်မည့် ကျန်စစ်သားအသင်းနှင့် အနော်ရထာအသင်းက ကွင်းအတွင်းနေရာယူပြီး ယှဉ်ပြိုင်ကစားကြရာ အနော်ရထာအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ပွဲစဉ်ဖြစ်မြောက်ရေးအတွက် လှူဒါန်းပေးသည့်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းနှင့် ဆုပေးပွဲကျင်းပရာ ပထမဆုရရှိသည့် အနော်ရထာအသင်းအား တစ်ဦးချင်း ရွှေဆွဲပြားဆုနှင့် ငွေသားဆုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဒိုင်းဆုကြီးကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့်နှင့် အလှူရှင်များကဆုများပေးအပ်သည်။

မြဝတီမြို့နယ်အနေဖြင့် အခြေခံပညာအဆင့် ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပပေးခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အသင်းလိုက်စုဖွဲ့ဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စနစ်သစ်ပညာရေးတွင် ဘက်စုံထူးချွန်ထက်မြက်နေစေရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ (၄၀၆)

## သဇင် (FM) အသံလွှင့်အစီအစဉ် ၁၆-၈-၂၀၂၄(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ် (၅၁) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ NSSA ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့်အဖွဲ့ဝင်များ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ (ACC)၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု စံသတ်မှတ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် အလုပ်အကိုင်အမျိုးအစား ၇၀ တွင် ကျွမ်းကျင်မှုစံ ၉၂ ခုကိုအတည်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အလုပ်အကိုင် ၅၂ မျိုးတွင် ကျွမ်းကျင်လုပ်သား ၂၆၉၆၉ ဦး၊ စစ်ဆေးအကဲဖြတ်ရေးဌာန ၂၇၅ ခု၊ စစ်ဆေးရေးမှူး ၁၀၂ ဦး၊ စစ်ဆေးအကဲဖြတ်သူ ၈၆၆ ဦးကိုအသိအမှတ်ပြုပေးခဲ့ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် ASEAN Skills Competition ၌ မြန်မာနိုင်ငံမှဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အလုပ်အကိုင်နယ်ပယ် ခြောက်ခုဖြစ်သော Information and Communication, Manufacturing and Engineering, Construction and Building Technology ကဏ္ဍသုံးခုနှင့် Social and Personal Services, Creative Arts and Fashion, Transportation and Logistics ကဏ္ဍသုံးခုမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် လုပ်ငန်းကဏ္ဍများရွေးချယ်၍ အာဆီယံနိုင်ငံများ၏ ကျွမ်းကျင်မှုစံများကိုလေ့လာပြီး လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက NSSA ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ လုပ်ငန်းရှင်များမှ ပူးပေါင်းပါဝင်ကူညီရေး၊ လုပ်ငန်းခွင်နှင့်သင့်လျော်သော သင်ရိုးညွှန်းတမ်းများရရှိရေး၊ ကျွမ်းကျင်မှုသင်တန်းများ စဉ်ဆက်မပြတ်ပေးနိုင်ရေးနှင့် လုပ်ငန်းခွင်အလိုက် လုပ်သားများအနေဖြင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များရရှိရေးတို့အတွက် Puplic, Private, Partnership အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် အလေးထားဆောင်ရွက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။

(၅၀၀)

# ပိုးသတ်ဆေးအမျိုးပေါင်း ၉၃ မျိုးအား မှတ်ပုံတင်ခွင့်ပြုရေး နည်းပညာကော်မတီစိစစ်ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၅

ပိုးသတ်ဆေးနည်းပညာ ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပိုးသတ်ဆေးအမျိုးအစားပေါင်း ၉၃ မျိုးနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတို့မှ ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသည့်အဖွဲ့က စိစစ်သုံးသပ်ဆွေးနွေးကြသည်။

ဦးစွာ ပိုးသတ်ဆေးနည်းပညာကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပိုးသတ်ဆေးသုံးစွဲတင်သွင်းဖြန့်ချိနိုင်ရေး မှတ်ပုံတင်ခွင့်ပြုရာ၌ သီးနှံဖျက်ပိုးများအပေါ်ထိရောက်မှု၊ လူနှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရေရှည်တွင် ဓာတုဓာတ်ကြွင်းအန္တရာယ်ကင်းရှင်းရေးတို့ကို ထည့်သွင်းသုံးသပ်စိစစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း၌ ပိုးသတ်ဆေးထုတ်လုပ်မှု အားနည်းနေသဖြင့် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ပိုးသတ်ဆေးဥပဒေနှင့်အညီ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)များကို ဖိတ်ခေါ်ရမည်ဖြစ်ကြောင်းဆွေးနွေးမှာကြားသည်။

မှတ်ပုံတင်လျှောက်ထားသည့် ပိုးသတ်ဆေးများကို စိုက်ခင်းများတွင် စမ်းသပ်ခြင်း၊ ဖော်ပြထားသည့် ဓာတုပစ္စည်းပါဝင်မှု မှန်၊ မမှန် ဓာတ်ခွဲစစ်ဆေးခြင်း၊ အရည်အသွေးမှန်ကန်မှုတို့ကို စစ်ဆေးဆောင်ရွက်ပြီး ပိုးသတ်ဆေးနည်းပညာကော်မတီ အစည်းအဝေး၌ စိစစ်သုံးသပ်ရရှိသည့်အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသည့်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏အစည်းအဝေးသို့ ပိုးသတ်ဆေးဥပဒေနှင့်အညီ တင်ပြဆောင်ရွက်ရခြင်းဖြစ်ပြီး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင် ၁၁၇ ခု၊ ယာယီသုံးစွဲခွင့်မှတ်ပုံတင်၁၈၆၈ ခု၊ အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင် ၂၂၅၁ ခုနှင့် ပြင်ဆင်သုံးစွဲခွင့်မှတ်ပုံတင် တစ်ခု စုစုပေါင်း ၄၂၃၇ ခု ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုအစည်းအဝေး၌ ပိုးသတ်ဆေးအမျိုးအစား ၉၃ မျိုးကို မှတ်ပုံတင်ခွင့်ပြုရေးအတွက် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

(၅၀၀)

# Naypyitaw State Academy ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ




နေပြည်တော် ဩဂုတ် ၁၅

ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ၏ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း အမှတ်စဉ်(၂)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိဘက်စုံခန်းမ၌ကျင်းပရာ Naypyitaw State Academy ၏ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းအမှတ်စဉ်(၂)သင်တန်းသားများက “ကမ္ဘာကသိပြီ ဒို့ကြက်ခြေနီ” သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပေးကြပြီး Naypyitaw State Academy ၏ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုက အမှာစကားပြောကြားကာ သင်တန်းသားများကစုပေါင်း၍ ရှေးဦးပြုစုနည်း သရုပ်ပြသကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှူး ဦးကျော်ကျော်အောင်က သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ ကြက်ခြေနီ ဗဟိုကောင်စီဝင် ဒေါ်မေကျော်၊ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဖြူဖြူမြင့်၊ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုနှင့် Naypyitaw State Academy ၏ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်တို့က ထူးချွန်ဆုရရှိသူများထံ ထူးချွန်ဆုများကိုလည်းကောင်း၊ Naypyitaw State Academy ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌက သင်တန်းနည်းပြဆရာ၊ ဆရာမများထံ ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းအမှတ်စဉ်(၂)သင်တန်းသားများက “အများအတွက်ကြက်ခြေနီ” သီချင်းကိုသီဆို၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

# အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ




ရန်ကုန် ဩဂုတ် ၁၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဩဂုတ်လ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းက လေကြောင်းခရီးဖြင့် ဗီယင်ကျန်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ မျက်နှာစုံညီအစည်းအဝေးကို လာအိုနိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှုဝန်ကြီး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့်ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး Mrs. Suansavanh Viyaket က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ ဆက်စပ်လုပ်ငန်းအစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှ လေ့လာကြသူများ တက်ရောက်ခဲ့ကြသည်။

ဩဂုတ်လ ၁၂ ရက်(အစည်းအဝေးပထမနေ့)တွင် ကျင်းပသည့် အာဆီယံနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆွေးနွေးပြောကြားရာတွင် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းအတွက် လာအိုနိုင်ငံ၏ ဦးစားပေးကဏ္ဍများသည် အာဆီယံဒေသကြီး၏ အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းမြှင့်တင်ရေးတို့သည် များစွာအရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာအိုနိုင်ငံ၏ ဦးစားပေးကဏ္ဍများနှင့် ၂၀၂၅ အလွန် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း မဟာဗျူဟာအစီအစဉ် ရေးဆွဲရေးတို့ကို အပြည့်အဝထောက်ခံပါကြောင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ကျင်းပသည့် အာဆီယံ၏ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များနှင့်မျက်နှာစုံညီအစည်းအဝေး၌ပြည်ထောင်စုဝန်ကြီးက လာမည့် ၁၀ နှစ်မှ နှစ် ၂၀ အတွင်း ပထဝီဝင်နိုင်ငံရေးနှင့် လူမှုစီးပွားပြောင်းလဲမှုများအပေါ် အတွေးအမြင်များသည် အာဆီယံ၏ ဒေသတွင်း ဝိသေသလက္ခဏာနှင့် ဗဟိုကျမှုတို့ကို လိုက်လျောညီထွေဖြစ်စေမည့် မဟာဗျူဟာများအား မီးမောင်းထိုးပြနေကြောင်းကို ပြောကြားလိုပါကြောင်းပြောကြားသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသော ကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဩဂုတ်လ ၁၃ ရက် (အစည်းအဝေးဒုတိယနေ့)တွင် ကျင်းပသည့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်လုပ်ငန်းအစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများနှင့် မျက်နှာစုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ASCC Post – 2025 မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်လုပ်ငန်းစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများမျှဝေထားသော အတွေးအမြင်များနှင့်ဆွေးနွေးမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ အနာဂတ်အတွက် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများအပေါ် ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်သုံးသပ်ရန်လိုအပ်ပါကြောင်း၊ မဟာဗျူဟာမြောက် အမြော်အမြင်ရှိမှု၊ လိုက်လျောညီထွေရှိမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုအပေါ် အလေးပေးမှုသည် ASCC ၏ အစီအစဉ်များ အပြန်အလှန်ဆက်စပ်မှုရှိပြီး ထိရောက်မှုရှိစေရန် အရေးကြီးပါကြောင်း ပြောကြားခဲ့သည်။

ဩဂုတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ ဒီ့တာဝန်အရေးသုံးပါး ဦးထိပ်ထား၍ နိုင်ငံတော်နှင့်ပြည်သူများအပေါ် သစ္စာရှိရန် လိုအပ်ကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်ကြရန်လိုအပ်ကြောင်း မှာကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

# ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆) အစည်းအဝေးခန်းမ၌ကျင်းပရာ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းနိုင်ရေးလျာထားသတ်မှတ်ထားချက်အရ ၂၀၂၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင် (၄)လအတွက် သွင်းအားစုများ တင်သွင်းသည့် ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိရေး ထောက်ခံပေးထားရာ မြေဩဇာတန်ချိန် ၉၅၃၁၇၉ ဒသမ ၆၄ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၃၁၇၄ ဒသမ ၅၄ တန်ရှိပြီဖြစ်ကြောင်း၊ ကုမ္ပဏီများ၏တင်ပြချက်အရ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်အထိ ဓာတ်မြေဩဇာအတွက် လိုင်စင်ရပြီးတန်ချိန် ၆ ဒသမ ၁ သိန်းအနက် တင်သွင်းပြီး တန်ချိန် ၄ ဒသမ ၃၄ သိန်း ကျော်ရှိကြောင်း၊ တင်သွင်းရန်ကျန် လိုင်စင်ရထားသည့် အသင်းဝင်ကုမ္ပဏီများမှ အချိန်မီတင်သွင်းနိုင်ရေးစိစစ်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထုတ်ပြန်ပြီးသော ရည်ညွှန်းဈေးနှုန်းများမှာ ယခုဩဂုတ်လ ၁၅ ရက်တွင် သတ်မှတ်ကာလပြည့်ပြီဖြစ်သည့်အတွက် ဈေးနှုန်းထပ်မံသတ်မှတ်နိုင်ရေး ဆွေးနွေးပေးကြစေလိုကြောင်း၊ ဇူလိုင်လအတွင်း မိုးရွာသွန်းမှုများကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော မြို့နယ်များအား ရေကျသည့်အခါပြန်လည်စိုက်ပျိုးနိုင်ရေးမြေဩဇာအသင်းဝင်ကုမ္ပဏီများက လိုအပ်သည့် ဓာတ်မြေဩဇာကို သက်သာသောဈေးနှုန်းဖြင့် ပံ့ပိုးပေးမည်ဖြစ်ပြီး ယူရီးယားတစ်အိတ်လျှင်ငွေကျပ် ၇၃၀၀၀ နှုန်းဖြင့် ၁၅ ပတ်လည်ကွန်ပေါင်းတစ်အိတ်လျှင်ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ (၃)လအတွက် ကုမ္ပဏီအလိုက်တင်သွင်းမည့် မြေဩဇာ/ပိုးသတ်ဆေးတန်ချိန်များ အတည်ပြုမှတ်တမ်းတင်ရန်နှင့် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အသင်းဝင်ကုမ္ပဏီများ၏ ရည်ညွှန်းဈေးအတိုင်း ရောင်းချနိုင်ရေး ကြီးကြပ်ဆောင်ရွက်နေမှု၊ ဖြန့်ဖြူးရောင်းချမှုများကို ရှင်းလင်းတင်ပြကြသည်။



ဆက်လက်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အခြေစိုက် ရော့စ်ကွန်ဂရက်ဖောင်ဒေးရှင်း "Fund RC–Investment" ၏ အရှေ့တောင်အာရှအထူးကိုယ်စားလှယ် Mr. Artemii Alimov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံရာ အဆိုပါအဖွဲ့မှ မြန်မာနိုင်ငံအတွက် ရုရှားနည်းပညာဖြင့် ထုတ်လုပ်ထားသည့် သဘာဝရွက်ဖျန်းအားဆေးရည်များဖြစ်သော Humte Plus ၈၄ လီတာ၊ Profi Nitro ၈၄ လီတာနှင့် Florata ၁၂၅ လီတာတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ အဆိုပါ သဘာဝရွက်ဖျန်းအားဆေးရည်များကို ဆောင်းဆီထွက်သီးနှံနေကြာ၊ စက်မှုကုန်ကြမ်းသီးနှံဝါနှင့်နှမ်းစပါးစိုက်ပျိုးရာတွင် စမ်းသပ်အသုံးပြုစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံသို့ထွက်ခွာ



နေပြည်တော်  ဩဂုတ်  ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းမိုင်မြို့၌ ကျင်းပမည့် (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မွန်းကိုးဝီစစ်စတန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်းသိရသည်။

(သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော်  ဩဂုတ်  ၁၅

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော်  ဩဂုတ်  ၁၅

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)




ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း " ROSATOM" နှင့်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် သိပ္ပံပွဲတော် ၂၀၂၄ တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အဖွင့်အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာစဉ်။

❑ ရှေ့ဖုံးမှအဆက်

အခြေခံပညာကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov က ဂုဏ်ပြုအမှာစကားပြောကြား၍ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သိပ္ပံပွဲတော်ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ဩဂုတ်လ ၁၅ ရက်မှ ၁၇ ရက်အထိ ၃ ရက်ကျင်းပကာ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် "Chronograph, Nuclear Sprint, Bet Game" စသည့် နျူကလီးယားနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ၊ Interactive Quiz ဉာဏ်စမ်းပဟေဠိအစီအစဉ်များပြုလုပ်ပေးသွားမည်ဖြစ်ပြီး ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် "မြန်မာနိုင်ငံတွင် SMRs ဖွံ့ဖြိုးတိုးတက်လာစေရေး အပြန်အလှန်အသုံးချမှု"နှင့်စပ်လျဉ်းသည့် နျူကလီးယားနှင့် ဆက်စပ် Problem များကို ၂၄ နာရီအတွင်း အကောင်းဆုံးအဖြေများ ပြန်လည်ဖြေကြားသည့် Hackatom ပြိုင်ပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ပြီး Public Discussion အစီအစဉ်တွင် နျူကလီးယားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဘွဲ့ကြို၊ ဘွဲ့လွန် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်ပညာရှင်များအထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာအသိအမြင်များ၊ အတွေ့အကြုံဗဟုသုတများတိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများအား လေ့လာစူးစမ်းလိုစိတ်ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ မီဒီယာများမှတစ်ဆင့် နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရေကြီးမှုအခြေအနေ

နေပြည်တော်  ဩဂုတ်  ၁၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ ၁ ပေကျော်(၃၄ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၀.၈˚c |
| ရန်ကုန် | ၂၆˚c | / | ၃၃.၀˚c |
| မန္တလေး | ၂၅˚c | / | ၃၁.၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# စက်မှုဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ




နေပြည်တော် ဩဂုတ် ၁၅

စက်မှုဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရတနာတန်းဝင် ကျွန်းပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်၊ ပျဉ်းကတိုးပင်နှင့် မဟော်ဂနီပင် စုစုပေါင်း ၂၀၀ ကို အမျိုးသားရေးလုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးသည့်သစ်ပင်များကို ရှင်သန်အောင်ပြုစုပျိုးထောင်ပေးရန်၊ ယခင်စိုက်ပျိုးခဲ့ပြီးသော သစ်ပင်များကိုလည်း ပျက်စီးပြုန်းတီးမှုမရှိအောင် ပုံမှန်ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပ၍ ရတနာတန်းဝင်ကျွန်းပင်၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုးများကို စိုက်ပျိုးခဲ့ရာ သုံးနှစ်တာကာလအတွင်း ရတနာတန်းဝင်ကျွန်း ၂၁၃ ပင်၊ ပိတောက် ၇၅ ပင်၊ မဟော်ဂနီပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၅၀ စုစုပေါင်း ၅၃၈ ပင် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် သစ်ပင်များရှင်သန်ကြီးထွားရေးအတွက် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၀)

# “ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ(၂၀၂၄)ခုနှစ်” ဗဟိုအဆင့်အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၁၅

၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) Meeting Hall ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ယခုနှစ် “ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်”၏ ဆောင်ပုဒ်မှာ “Closing the Gap; Breast-feeding Support for All” ဖြစ်ပြီး **“မိခင်နို့ချိုတိုက်ကျွေးဖို့ အားလုံးကူညီပံ့ပိုးစို့”**ဟု မြန်မာလို ဘာသာပြန်ဆိုထားကြောင်း၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများကို ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများအဖြစ် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွင်း အာဟာရပြည့်ဝကျန်းမာအောင် စီမံစားသုံးတတ်စေသည့် အသိပညာ၊ အမူအကျင့်ကောင်းများ ပိုမိုကျယ်ပြန့်စွာ သိရှိလာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်များနှင့်အညီ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး စသည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုခိုင်မာအောင် အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဗီဒီယိုပြသခြင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကဆုချီးမြှင့်ခြင်း၊ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ကြပြီး တက်ရောက်လာသူများနှင့်အတူ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်ပြခန်းငယ်အား လှည့်လည်ကြည့်ရှုခြင်း၊ မူကြိုကလေးငယ်များအား အင်အားပြည့်ဗီတာမင်အေဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေး၊ ဗီတာမင်ဘီဝမ်းအားဆေးများ ပေးအပ်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်းများဆောင်ရွက်ခဲ့ကြသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံများမှဆေးရုံအုပ်ကြီးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chickpea, pigeon pea (red) in good trading at Mandalay market



MANDALAY August 15

Chickpea and pigeon pea (red) are in good trading at Mandalay bean and sesame market, said U Set Maung Swe, Secretary of Brokers, Merchants and Millers Maha Katheindaw Association (Mandalay commodity centre).

Chickpea and pigeon pea (red) out of pulses and beans, maize and sesame were normal trade at the domestic market. At present, these two kinds of goods are in high demand of merchants.

"In addition to chickpea and pigeon pea (red), wheat, Chinese lablab and other goods in high demand at Mandalay market whereas maize and green gram are in normal trade," he added.

In Mandalay market on 29 July, chickpea (V2) fetched Ks-245,000 per bag, (V7) Ks-250,000 (TW) Ks-233,000 and (929) Ks-237,000.

Likewise, pigeon pea (red) fetched Ks-410,000 per bag on 29 July in Mandalay market.

On 29 July, black sesame got Ks-525,000 per bag, brown sesame Ks- 350,000 and white sesame Ks-395,000 per bag. **SMK**

# Kalay District has planted more than 3,000 acres of pigeon pea this monsoon

KALAY August 15

The agricultural statistics of Kalay District Agriculture Department stated that a total of 3,244 acres of croplands has been placed under pigeon pea in Kalay District of Sagaing Region this monsoon.

In 2024-2025 monsoon season, Kalay District earmarked 3,400 acres of pigeon pea but local farmers have planted 3,244 acres of pigeon pea so far.

"This year, local farmers have planted 3,244 acres of pigeon pea against the target of 3,400 acres. Our department helped local farmers boost per-acre yield of crops. Local farmers grow pigeon as single or mixed cropping," said U Aung, Head of Kalay District Agriculture Department.

This year, Kalay Township grew 934 acres of pigeon pea, Kalewa Township 35 acres and Mingin Township 2,275 acres, totalling 3,244.

In 2024-2025, Kalay Township earmarked 1,097 acres of pigeon pea, Kalewa Township 35 acres and Mingin Township 2,268 acres, totalling 3,400 acres.

Relevant Township Agriculture Departments helped local farmers choose quality strains of crops, apply good agricultural techniques, prevent pests and boost per-acre yield. **SMK**

# Pineapple from Kyaunggon Township marketable



KYAUNGGON August 15

Pineapple cultivated in Kyaunggon Township of Ayeyawady Region is marketable in the domestic market, said Daw Thin Thin, owner of fruit brokerage in Kyaunggon Township.

Starting from the second week of July, Kyaunggon Township distributes its pineapple to the domestic market.

"Now, pineapple can be harvested in Kyaunggon Township. It is mainly sent to Yangon market. The plants can be grown in wet soil. It can be grown in patches as well as mixed crops. Local farmers can get deserved benefit in cultivation of pineapple," said Daw Thin Thin.

Pineapple can be grown in paddy plantations. Local farmers grow some five acres of pineapple. The region produces quality pineapple.

"This year, the township produces a large volume of pineapple but local farmers do not use chemicals. Yangon market demands Kyaunggon pineapple due to its delicious taste," said Daw Yu, pineapple farmer in Kyaunggon. **SK**

# Kawlin District finishes cultivation of sugarcane plants this monsoon

KAWLIN August 15

Kawlin District Agriculture Department stated that a total of 878 acres of sugarcane plantations has been planted this monsoon.

In 2024-2025 monsoon season, the district earmarked cultivation of 1,779 acres of sugarcane plantations in Kawlin District but local farmers have grown 843 acres of sugarcane plantations in Kawlin Township and 35 acres in Wuntho Township so far, totalling 878.

"Farmers have planted more than 800 acres of sugarcane plantations against the target of more than 1,000 acres in Kawlin District this year. Now, they are trying hard to meet the target cultivation. The Agriculture Department encourages local farmers to expand sown acreage of sugarcane plantations in the district," said U Win Thein, Head of the District Agriculture Department.

This year, Kawlin Township earmarked 1,744 acres of sugarcane and Wuntho Township 35 acres. Local farmers need to cost Ks-600,000 to Ks-700,000 per acre of growing sugarcane plants, producing 30 tons of sugarcane per acre.

Local farmers prefer to use K95/84, Nawade-4, Phormoza and Shweshweli strains of sugarcane in Sagaing Region.

Sugarcane plants are grown in Kawlin, Shwebo, Kanbalu and Katha districts of Sagaing Region, Katha and Kanbalu districts of which grow the largest acreage of sugarcane. **SK**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Croplands placed under corns in Tamu District

TAMU August 15

Tamu District Agriculture Department mentioned that a total of 596 acres of croplands have been placed under corn plants this monsoon in Tamu District of Sagaing Region.

Starting this June, local farmers are growing 596 acres of corns against the target of 1,500 acres in monsoon of 2024-2025.

An official of Tamu District Agriculture Department said, “This year, we earmarked cultivation of 1,500 acres of corns in the district this monsoon. So far, local farmers have planted 596 acres of corns. Our department raises farmer awareness for thriving corns in the district with prevention of pests.”

This year, Myothit Township grew 103 acres of corns, Tamu Township 165 acres and Khampak 328 acres.

This monsoon, Myothit Township planned to grow 600 acres of corns, Tamu Township 400 acres and Khampak 500 acres, totalling 1,500 acres.

Relevant agriculture departments conduct training courses for local farmers and staff with field demonstration, prevention of FAW and use of pesticides. They produce 15,000 pieces of corns per acre, costing more than Ks-500,000 per acre.

**SK**

# More than 900 acres of groundnut grown in Monywa Township

MONYWA August 15

The statistics of Monywa Township Agriculture Department stated that a total of 905 acres of croplands have been placed under groundnut plants in Monywa Township of Sagaing Region.

In 2024-2025 monsoon crop cultivation season, Monywa Township earmarked 1,230 acres of groundnut. So, local farmers started cultivation of groundnut on 905 acres of croplands starting from May this year.

U Soe Thet Aung, Head of Monywa Township Agriculture Department said, “This year, we planned to grow 1,230 acres of groundnut in Monywa Township. So far, local farmers have planted more than 905 acres of groundnut. The groundnut plants are thriving. Local farmers expand their sown acreage year by year. But, they prefer to grow groundnut in winter rather than monsoon.”

It is necessary to use 1.5 baskets of groundnut seeds per acre in Monywa Township, and they have to spend more than Ks-200,000 per acre for labour charge, fertilizers and pests. But, each acre of groundnut yields more than 50 baskets per acre.

Staff of Township Agriculture Department make field trips to check thriving groundnut plants, prevention of pests and weeding for boosting production of crops.

**SK**

# More than 25,000 acres of pigeon pea thriving in Ayadaw Township

AYADAW August 15

Statistics of Monywa District Agriculture Department stated that a total of 25,410 acres of pigeon pea has been cultivated in Ayadaw Township of Sagaing Region this monsoon.

In 2024-2025 monsoon, Ayadaw Township earmarked 28,825 acres of pigeon pea but local farmers have planted 25,410 acres of pigeon pea against the target cultivation.

“This year, Ayadaw Township planned to grow more than 28,000 acres of pigeon pea, more than 25,000 acres of which has been planted so far. Local farmers are striving for meeting the target. Our department helps local farmers use quality strains of crops,” said Daw San San Myint, Head of Monywa District Agriculture Department.

This year, Township Agriculture Department assists in farmers for selection of quality strains of crops, use of agricultural techniques, prevention of pests and boosting peracre yield of crops.

**SMK**

# Russian Soyuz brings cargo spacecraft into orbit



Russian Soyuz-2.1a rocket booster carrying the Progress MS-28 cargo spacecraft blasts off to the International Space Station (ISS) from the launchpad at the Baikonur Cosmodrome, Kazakhstan.

MOSCOW August 15

A Russian Soyuz-2.1a has brought the 'Progress MS-28' cargo ship, carrying supplies to the International Space Station, into orbit. The carrier rocket blasted off early on Thursday from the Russian-operated Baikonur Cosmodrome in Kazakhstan.

This was the third launch of a 'Progress MS' spacecraft since the start of the year.

The flight to the ISS is expected to take two days, and will bring 2.6 tons of crucial items to the cosmonauts and astronauts manning the station. Among the supplies are fuel, drinking water and food. According to TASS, the rations include oranges, grapefruit, onions and coffee.

In addition, the Progress cargo spacecraft will deliver equipment required for a number of medical experiments.

Back in March, the launch of a Soyuz-2.1a from Baikonur was aborted by an automatic safety system about 20 seconds before its scheduled lift-off. The crew emerged unscathed from the incident.

The head of Russia's Roscosmos space agency, Yuri Borisov, told reporters that the abrupt flight cancellation was caused by a voltage drop in the chemical power source. **RT**

# Thailand's ruling coalition nominates Paetongtarn Shinawatra as PM candidate

BANGKOK August 15

Thailand's ruling coalition on Thursday nominated Pheu Thai Party leader and daughter of former Prime Minister Thaksin Shinawatra, Paetongtarn Shinawatra, as a candidate for the country's new prime minister in the upcoming parliamentary vote.

The announcement came after the largest group in the governing coalition, the Pheu Thai Party, agreed to support 37-year-old Paetongtarn as a prime minister candidate following a court-ruled dismissal of former Prime Minister Srettha Thavisin in an ethics violation case.

"The Pheu Thai Party is ready to advance the nation with the support from all coalition partners, as we are resolute in addressing the economic challenges," Paetongtarn told a news briefing.

Anutin Charnvirakul, leader of the Bhumjaithai Party, the coalition's second-largest group, said that to ensure continuity in governance, coalition parties are prepared to collaborate with and support Paetongtarn in her bid for the premiership.

The Pheu Thai-led 11-party alliance currently holds 314 seats in the House of Representatives of the parliament. A successful candidate needs a simple majority approval of the current 493 legislators to be elected prime minister.

The lower house of the Thai National Assembly is scheduled to convene on Friday to select the Southeast Asian nation's next prime minister. **Xinhua**

# 2 killed, 20 injured in troller-van collision in Pakistan's Karachi

ISLAMABAD August 15

At least two people were killed and around 20 others injured on Thursday in a collision between a troller and a van in the southern port city of Karachi, the rescue service reported.

The accident took place early morning on Northern Bypass of the city when the troller hit the van from behind as both vehicles were going in the same direction, resulting in the casualties.

Rescue workers reached the site and shifted the victims to a local hospital, said the rescue service, adding that one of the injured was in critical condition. **Xinhua**

# Trump discusses Gaza ceasefire deal with Israeli Prime Minister

WASHINGTON,DC August 15

Former US President Donald Trump held a telephone conversation with Israeli Prime Minister Benjamin Netanyahu, during which the politicians discussed the Gaza ceasefire deal.

Trump wanted to push the Israeli prime minister to conclude a deal, the report said, without providing any further details of the conversation, the Axios news portal reported on Thursday, citing sources.

Last week, Egypt, Qatar and the United States called on Israel and Hamas to resume talks on the terms of a ceasefire on August 14-15. The three countries' leaders said they were ready to present a final proposal to reach a deal.

On October 7, 2023, Israel was subjected to an unprecedented rocket attack from the Gaza Strip. In addition, Hamas fighters infiltrated the border areas, opened fire on the military and civilians and took hostages. Israeli authorities say that about 1,200 people were killed during the raid. The Israel Defence Forces launched Operation Iron Swords in the Gaza Strip and announced a complete blockade of the enclave. The enclave's health ministry says that the death toll from Israeli strikes on the Gaza Strip since October 7 has exceeded 39,900. **Sputnik**

# US, French navies hold joint drills in Philippine Sea - 7th fleet



US, French navies hold joint drills in Philippine Sea.

WASHINGTON,DC August 15

The US and French navies have conducted joint exercises in the waters of the Philippine Sea, the US Navy's Seventh Fleet said on Thursday.

"The U.S. 7th Fleet takes regular steps to advance our interoperability with allies and partners in the Indo-Pacific, as we did during this week's bilateral operation with our longstanding French Navy allies," Vice Adm. Fred Kacher, the commander of the Seventh Fleet, said.

The activities involved the USS Dewey (DDG 105), an Arleigh Burke-class guided-missile destroyer from the US Navy, alongside the FS Bretagne (D655), a frigate of the French Navy's Aquitaine class, according to the statement.

The vessels carried out maneuvers in formation, practiced joint communications and executed simulated refueling operations while at sea, the statement said.


**Sputnik**

## Public Notice for Elimination of Violence


1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Life on Mars? Scientists discover 'oceans' of water 12 miles beneath the surface of the Red Planet - and say they could harbour microbes

- **Data from NASA's Insight lander indicates deep, porous rock filled with water**
- **The underground reservoir is just too deep to drill into with current technology**




Seismic data from NASA's Insight lander indicates deep, porous rock filled with liquid water that experts predict would cover the entire red planet to the depth of around a mile.



Their analysis of seismic data led to the conclusion there is a deep layer of fractured igneous rock – cooled magma – saturated with water (artist's impression of Mars).

Scientists have discovered 'oceans' of water 12 miles below the surface of Mars which could potentially harbour life.

Seismic data from NASA's Insight lander indicates deep, porous rock filled with liquid water that experts predict would cover the entire red planet to the depth of around a mile.

But the underground reservoir is just too deep to drill into with current technology – dashing hopes it could help sustain any future Martian settlers.

It is understood that oceans disappeared from the surface of Mars more than three billion years ago.

The newly-discovered water is being held in tiny cracks and pores in rock in the middle of Mars' crust, between 7 and 12.5 miles below the surface.

Drilling a hole even a mile deep is a major challenge, even on Earth.

The geophysicists say their findings, published in the journal Proceedings of the National Academy of Sciences, do pinpoint another promising place to look for life on Mars – if it can one day be accessed.

The discovery also helps answer questions about the geological history of the planet.

Dr Vashan Wright, from the University of California San Diego, said: Understanding the Martian water cycle is critical for understanding the evolution of the climate, surface and interior.

'A useful starting point is to identify where water is and how much is there.'

Their analysis of seismic data led to the conclusion there is a deep layer of fractured igneous rock – cooled magma – saturated with water.

Co-author Professor Michael Manga said: 'Establishing that there is a big reservoir of liquid water provides some window into what the climate was like or could be like.

And water is necessary for life as we know it. I don't see why [the underground reservoir] is not a habitable environment.

It's certainly true on Earth – deep, deep mines host life, the bottom of the ocean hosts life.

'We haven't found any evidence for life on Mars, but at least we have identified a place that should, in principle, be able to sustain life.'

Professor Manga said that lots of evidence - river channels, deltas and lake deposits, as well as water-altered rock - supports the theory that water once flowed on the surface of Mars.


But that wet period ended over three billion years ago, after Mars lost its atmosphere.

Planetary scientists have sent probes and landers to the red planet to find out what happened to that water.

They say that the water frozen in Mars' polar ice caps can't account for it all - nor when it happened, and whether life exists or used to exist on the planet.

The new findings indicate that much of the water didn't escape into space, but instead filtered down into the crust.

The Insight lander was sent by NASA to Mars in 2018 to investigate the crust, mantle, core and atmosphere. The mission ended in 2022.



Scientists have discovered 'oceans' of water 12 miles below the surface of Mars which could potentially harbour life.

**Mail Online**



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးကင်းလှည့် သံလမ်းပြေးယာဉ် (RGC 89) လမ်းချော်ကျမှုအခြေအနေကို တွေ့ရစဉ်။



ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းနှင့် ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးဆုံးရှုံးမှုအခြေအနေကို တွေ့ရစဉ်။



ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်ပြုပြင်နေမှုအခြေအနေကို တွေ့ရစဉ်။




ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်ပြုပြင်ပြီးစီး၍ ရထားများ ပုံမှန်အတိုင်းပြန်လည်ဖြတ်သန်းနေမှုကို တွေ့ရစဉ်။

◆ **ကျောဖုံးမှအဆက်**

နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော သံလမ်းပြေးယာဉ်အားမတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရထားလမ်း ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် အဆန်ရထားလမ်း၏ အရှေ့ဘက်သံလမ်းနှင့် ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းဆောင်ရွက်နေသော ရထားပြေးဆွဲမှုမရှိသေးသည့် အစုန်ရထားလမ်း၏ အနောက်ဘက်သံလမ်းများ ၃ပေခန့်စီ ပြတ်ထွက်၊ ကွန်ကရစ်ဇလီဖား ၁၅ တုံးနှင့် သံလမ်းပြေးယာဉ်၏ ဘာဖာရှပ်တန်းကျိုးသည့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါမိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်မြို့မှ ထွက်ခွာလာသည့် အမှတ်(၁) အဆန် ရန်ကုန်-မန္တလေး စာပို့ရထားသည် နံနက် ၈ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ အမှတ်(၁၁)အဆန် ရန်ကုန်-မန္တလေး လူစီးအမြန်ရထားသည် နံနက် ၉ နာရီ ၄၃ မိနစ်တွင်လည်းကောင်း ညောင်လေးပင်ဘူတာသို့ အသီးသီးရောက်ရှိရပ်တန့်စောင့်ဆိုင်းခဲ့ရပြီး၊ အမှတ်(၁၁)အဆန် လူစီးအမြန်ရထားသည် နံနက် ၁၁ နာရီ ၄၅ မိနစ်နှင့် အမှတ်(၁)အဆန် စာပို့ရထားသည် မွန်းလွဲ ၁၂ နာရီ ၇ မိနစ်တွင် ညောင်လေးပင်ဘူတာမှအသီးသီးပြန်လည်ထွက်ခွာနိုင်ခဲ့သဖြင့် အမှတ်(၁၁)အဆန် အမြန်ရထားသည် ၂ နာရီ ၂ မိနစ်နှင့် အမှတ်(၁)အဆန်စာပို့ရထားသည် ၃ နာရီ ၃၂ မိနစ် အသီးသီးကြန့်ကြာမှုဖြစ်ပေါ်ခဲ့ရသည်။

ထို့အတူ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းပြေးဆွဲနေသည့် အမှတ်(၉၀၃)အဆန်ကုန်ရထားသည်ပြွန်တန်ဆာဘူတာ၌ နံနက် ၇ နာရီ ၅ မိနစ်မှစ၍ စောင့်ဆိုင်းခဲ့ရသည်။ လမ်းပိုင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအား ယနေ့ မွန်းလွဲ ၁ နာရီခွဲ၌ ဆောင်ရွက်ပြီးစီး၍ ဖြူး-ညောင်လေးပင် ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း(၇၉)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း (၁၇၁)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၆)ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းနှောင့်နှေးကြန့်ကြာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

AUTOMOBILE

# BYD က LiDAR နည်းပညာပါ ပထမဆုံး EV ကားကိုထုတ်ဖော်ပြသ

တရုတ်နိုင်ငံမှ အဆင့်မြင့် EV ကားများကိုထုတ်လုပ်နေသည့် BYD ကုမ္ပဏီက အလိုအလျောက်စနစ်ဖြင့်မောင်းနှင်ရာတွင် အထောက်အကူပြုပေးမည့် LiDAR နည်းပညာအသုံးပြုထားသည့် ၎င်းတို့ကုမ္ပဏီအတွက် ပထမဆုံးသော EV ကားမော်ဒယ်အသစ်ကို ထုတ်ဖော်ပြသလိုက်သည်။

အဆိုပါမော်ဒယ်ကို 2025 BYD Seal ဟုအမည်ပေးထားသည်။ ထို EV ကားသည် e-Platform 3.0 Evo ကိုအသုံးပြုထားသည့် BYD ကုမ္ပဏီ၏ ပထမဆုံးသော ဆီဒင်အမျိုးအစားကားဖြစ်လာသည်။

e-Platform 3.0 Evo ဆိုသည်မှာ 800V တည်ဆောက်မှုပုံစံဖြစ်ပြီး e-Platform 3.0 ထက် စွမ်းဆောင်ရည်ပိုင်းနှင့် အားအမြန်သွင်းနိုင်မှုအပိုင်းတို့တွင် ပိုမိုသာလွန်သည့် တည်ဆောက်မှုပုံစံဖြစ်သည်။

2025 Seal သည် အလျား ၄၈၀၀ မီလီမီတာ၊ ဗျက် ၁၈၇၅ မီလီမီတာ၊ အမြင့် ၁၄၆၀ မီလီမီတာနှင့် ရှေ့နောက်ဘီးနှစ်လုံးကြားအကွာအဝေး ၂၉၂၀ မီလီမီတာရှိပြီး ပုံစံလေးမျိုးဖြင့် ထွက်လာခြင်းဖြစ်သည်။

အမျိုးအစားသုံးမျိုးမှာ မော်တာတစ်လုံးတပ် နောက်ဘီးယက် အမျိုးအစားဖြစ်ပြီး နောက်ဆုံးဈေးအမြင့်ဆုံးမှာ မော်တာနှစ်လုံးတပ်နှင့် လေးဘီးယက်စနစ်အသုံးပြုထားသည်။

အသုံးပြုထားသည့်ဘက်ထရီစွမ်းအင်များမှာ အခြေခံအမျိုးအစားအတွက် ၆၁ ဒသမ ၄၄ ကီလိုဝပ်နာရီ ဘက်ထရီဖြစ်ပြီး အကွာအဝေးကီလိုမီတာ ၅၁၀ အထိသွားနိုင်သည်။ အဆင့်မြင့်အမျိုးအစားသုံးမျိုးတွင် ၈၀ ဒသမ ၆၄ ကီလိုဝပ်နာရီဘက်ထရီတပ်ဆင်ထားသည့်အတွက် ကီလိုမီတာ ၆၅၀ အထိသွားနိုင်သည်။ **Ref: ArenaEV**

**K.H**



# EV ကားများ၏ ဘက်ထရီထုတ်လုပ်မှုကုန်ကျစရိတ် ၉၀ ရာခိုင်နှုန်းအထိကျဆင်းလာ


အမေရိကန်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မော်တော်ယာဉ်နည်းပညာများရုံး၏လေ့လာချက်အရ ၂၀၀၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း EV ကားများအတွက် ဘက်ထရီထုတ်လုပ်မှုကုန်ကျစရိတ် ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကိုတွေ့ရသည်။

ထို့ကြောင့် ယခင်က တစ်ကီလိုဝပ်နာရီအတွက်ကုန်ကျစရိတ် ၁၃၁၉ ယူရိုရှိမည်ဆိုလျှင် ယခုအခါ ယူရို ၁၃၀ သာကုန်ကျတော့သည်ဟု အဆိုပါရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဥပမာအားဖြင့် ဘက်ထရီစွမ်းအင် ၈၂ ကီလိုဝပ်နာရီပါဝင်သည့် နာမည်ကျော် Tesla Model Y ၏ ဘက်ထရီဈေးနှုန်းသည် ၂၀၀၈ ခုနှစ်တွင် ယူရို ၁၀၆၂၀၀ ကျသင့်သည်။ ယခုအခါ ယူရို ၁၀၃၀၀ သာကျသင့်တော့သည်။ ကွာခြားချက်မှာ ယူရိုတစ်သိန်းနီးပါးရှိသောကြောင့် ယခုကဲ့သို့ ဘက်ထရီထုတ်လုပ်မှုကုန်ကျစရိတ်ကျဆင်းလာခြင်းသည် EV ကားများကိုပိုမိုအသုံးပြုလာနိုင်စေမည်ဟု ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ကုန်ကျစရိတ်ကျဆင်းသည့်အကြောင်းရင်းများတွင် ဘက်ထရီနည်းပညာမြင့်မားလာမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ် တိုးတက်လာမှု၊ ပမာဏအများအပြားထုတ်လုပ်မှုတို့ပါဝင်သည်။ **Ref: ArenaEV**

**K.H**



HEALTH

# နေ့စဉ်ကဖင်းဓာတ် ၄၀၀ မီလီဂရမ်အထက်သောက်သုံးမှုက နှလုံးရောဂါဖြစ်ပွားနိုင်ခြေကိုမြင့်တက်စေ

နေ့စဉ်ကဖင်းဓာတ် ၄၀၀ မီလီဂရမ်အထက်သောက်သုံးခြင်းက နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို မြင့်တက်စေသည်ဟု သုတေသနအသစ်တစ်ခုက ဖော်ပြထားသည်။ ကဖင်းဓာတ် ၄၀၀ မီလီဂရမ်နှင့်အထက်ဆိုသည်မှာ လူတိုင်းနီးပါးနေ့စဉ်သောက်သုံးနေသည့်ပမာဏဖြစ်သည်။



ယခုသုတေသနကို အိန္ဒိယနိုင်ငံ ဇိုင်ဒပ်ဆေးကောလိပ်မှ သုတေသနပညာရှင်များကဦးစီးလုပ်ဆောင်ခြင်းဖြစ်သည်။ ကဖင်းဓာတ်ကို ပုံမှန်သောက်သုံးနေခြင်းသည် အာရုံကြောစနစ်ကို ဟန့်တားနှောင့်ယှက်စေသောကြောင့် သွေးဖိအားနှင့်နှလုံးခုန်နှုန်းမြင့်တက်ခြင်းတို့ကို ဖြစ်စေနိုင်သည်ဟု အဆိုပါသုတေသနပညာရှင်များက ၎င်းတို့၏စာတမ်းတွင်ဖော်ပြထားသည်။

အဓိကအားဖြင့် ကဖင်းဓာတ်ကြောင့် သွေးတိုးခြင်းကိုဖြစ်ပေါ်စေကာ ယင်းသို့သွေးတိုးခြင်းက နှလုံးရောဂါဖြစ်ပွားမှုကို ဦးတည်စေခြင်းဖြစ်သည်။

သုတေသနပညာရှင်များသည် ကဖင်းဓာတ်ကိုရေရှည်သောက်သုံးမှုကိုအခြေခံ၍ ယခုသုတေသနကိုဆောင်ရွက်ခြင်းဖြစ်သည်။ ရေရှည်သောက်သုံးမှုဆိုသည်မှာ ကဖင်းဓာတ်ပါဝင်သည့် လက်ဖက်ရည်နှင့် ကော်ဖီတို့ကဲ့သို့သော သောက်စရာတစ်ခုခုသာမက အခြားသောအချိုရည်များကို သီတင်းပတ်တစ်ပတ်လျှင် ငါးရက်တိုင် သောက်သုံးခြင်းကို ဆိုလိုခြင်းဖြစ်သည်။

သာမန်အားဖြင့် ပုံမှန်သောက်သုံးနေသောသောက်စရာများတွင် ကဖင်းဓာတ်ပါဝင်မှုအချိုးအစားမှာ ၁၂ အောင်စရှိ ဆိုဒါဘူးတွင် ကဖင်း ၃၀ မှ ၄၀ မီလီဂရမ်၊ ၈ အောင်စရှိ လက်ဖက်ရည်တစ်ခွက်တွင် ကဖင်း ၃၀ မှ ၅၀ မီလီဂရမ်၊ ၈ အောင်စရှိ ကော်ဖီတစ်ခွက်တွင် ကဖင်း ၈၀ မှ ၁၀၀ မီလီဂရမ်၊ အားဖြည့်အချိုရည်ဘူးအများစုတွင် ကဖင်း ၄၀ မှ ၂၅၀ မီလီဂရမ်အထိ ပါဝင်သည်ကိုတွေ့ရသည်။ **Ref: STD**

**K.H**

# အမျိုးအစား ၂ ဆီးချိုသမားများအတွက် အာလူးကအသင့်တော်ဆုံးအစားအစာဖြစ်

သင့်လျော်အောင်ပြင်ဆင်ချက်ပြုတ်ထားသည့် အာလူးများသည် အမျိုးအစား ၂ ဆီးချိုသမားများအတွက် အသင့်တော်ဆုံးအစားအစာဖြစ်ကြောင်း သုတေသနအသစ်တစ်ခုကဖော်ပြထားသည်။

လက်တစ်ဆုပ်စာမျှသော အာလူးတွင် ခန္ဓာကိုယ်အချိုးအစားကိုသွယ်လျစေနိုင်ပြီး အမျိုးအစား ၂ ဆီးချိုဝေဒနာရှင်များတွင် သွေးတွင်းသကြားဓာတ်ကိုကျဆင်းစေသည့် လုံလောက်သောအာဟာရများပါဝင်သည်ဟု သုတေသနစာတမ်း၌ဖော်ပြထားသည်။

အလားတူ အာလူးကိုစားသုံးပေးခြင်းသည် အမျိုးအစား ၂ ဆီးချိုဝေဒနာရှင်များအနေဖြင့် နှလုံးရောဂါနှင့်သက်ဆိုင်သောကောင်းကျိုးများစွာ ရရှိစေကြောင်း သုတေသီ နီဒါအခါဗန်ကပြောသည်။

အထူးသဖြင့် ၁၀၀ ဂရမ်ရှိပြီး ကာဗိုဟိုက်ဒရိတ်ဓာတ် ၂၀ ဂရမ်ပါသောအာလူးကို အခွံနှင့်ဖုတ်ကာ သရေစာအဖြစ်သော်လည်းကောင်း၊ ထမင်းနှင့်တွဲဖက်၍သော်လည်းကောင်း စားသုံးပေးနိုင်သည်။

သို့သော် အာလူးကိုကြော်စားခြင်းမပြုရန် သုတေသီများက အကြံပြုထားသည်။ ထိုသို့စားသုံးပေးခြင်းအားဖြင့် သုတေသနတွင်ပါဝင်သူများသည် ခန္ဓာကိုယ်သွယ်လျကာ သွေးတွင်းသကြားဓာတ်လည်း ကျဆင်းသွားသည်ကိုတွေ့ရသည်။

**Ref: STD**

**K.H**

# တက်စတိုစတီရုန်းဟော်မုန်းနည်းသည့်အမျိုးသားများ ရောဂါများကြောင့် သေဆုံးနိုင်ခြေပိုများ

သုတေသနပညာရှင်များက အမျိုးသား ၂၄၀၀၀ ကျော်ကိုသုတေသနပြုလေ့လာမှုများအရ တက်စတိုစတီရုန်းဟော်မုန်းနည်းသူများတွင် ရောဂါများကြောင့်သေဆုံးနိုင်ခြေပိုများကြောင်း သိရသည်။

ထို့ပြင် အခြေခံအားဖြင့်ရှိရမည့်ဟော်မုန်းပမာဏမရှိသည့်အမျိုးသားများတွင် နှလုံးရောဂါကြောင့်သေဆုံးနိုင်ခြေပိုများကြောင်း သုတေသနပညာရှင်များ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။



အဆိုပါသုတေသနကို အနောက်ဩစတြေးလျတက္ကသိုလ်မှသုတေသနပညာရှင်များက ဩစတြေးလျ၊ ဥရောပနှင့် မြောက်အမေရိကတို့မှ သုတေသနပညာရှင်များနှင့်ပူးပေါင်းကာ လုပ်ဆောင်ကြခြင်းဖြစ်သည်။

၎င်းတို့က အမျိုးသားဦးရေ ၂၄၀၀၀ ပါဝင်သည့် တက်စတိုစတီရုန်းဟော်မုန်းနှင့်ပတ်သက်သော သုတေသန ၁၁ ခုကိုပြန်လည်သုံးသပ်ကာ ယခုတွေ့ရှိချက်ကို ထုတ်ပြန်လိုက်နိုင်ခြင်းဖြစ်သည်။

ပညာရှင်များ၏သုတေသနအရ တက်စတိုစတီရုန်းဟော်မုန်းပမာဏ တစ်ဒက်စီလီတာတွင် ၂၁၃ နာနိုဂရမ်အောက်ရှိသူများသည် ရောဂါအမျိုးမျိုးကြောင့်သေဆုံးနိုင်ခြေပိုများပြီး ၁၅၃ နာနိုဂရမ်အောက်ရှိသူများသည် နှလုံးရောဂါကြောင့်သေဆုံးနိုင်ခြေပိုများကြောင်း စာတမ်းတွင်ဖော်ပြထားသည်ဟုသိရသည်။

**Ref: STD**

**K.H**

# ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့က သက်ဆင်ရှင်နာဝပ်၏သမီးကို ဝန်ကြီးချုပ်အဖြစ် အမည်တင်သွင်းမည်

ဘန်ကောက်၊ နိုင်ငံရေး

ထိုင်းနိုင်ငံ၏ လက်ရှိညွန့်ပေါင်းအစိုးရအဖွဲ့က ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ သမီးဖြစ်သည့် အသက် ၃၇ နှစ်ရှိ မျက်နှာသစ်နိုင်ငံရေးသမား ဖယ်ထုန်ထန်ရှင်နာဝပ်ကို ဝန်ကြီးချုပ်အဖြစ်အမည်တင်သွင်းရန် ဩဂုတ်လ ၁၅ ရက်တွင် သဘောတူလိုက်ကြောင်းသိရသည်။



ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဝန်ကြီးချုပ်ဆယ်ထာထာဗီဆင်ကို ကျင့်ဝတ်ချိုးဖောက်မှုဖြင့် ရာထူးမှဖြုတ်ချပြီးနောက် မဟာမိတ်ပါတီ ၁၁ ပါတီနှင့်ညွန့်ပေါင်းအစိုးရအဖွဲ့ထားသည့် ဖူထိုင်းပါတီက နောက်ထပ်အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ရေးအတွက် လုပ်ဆောင်လာခြင်းဖြစ်သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်နေရာအတွက် အမည်တင်သွင်းနိုင်ရေး ဖူထိုင်းပါတီမှ လွှတ်တော်အမတ်များက လွှတ်တော်တွင် အစည်းအဝေးကျင်းပပြီးနောက် ဖယ်ထုန်ထန်ရှင်နာဝပ်ကို ဝန်ကြီးချုပ်အဖြစ်အမည်တင်သွင်းရန် ရွေးချယ်လိုက်ကြခြင်းဖြစ်သည်။

မူလက ရှေ့နေချုပ်ဟောင်းတစ်ဦးဖြစ်သည့် ချိုင်ကာဆမ်နီတီဆီရီကို ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ရန်လျာထားသော်လည်း ၎င်း၏ကျန်းမာရေးအခြေအနေများကြောင့် လူငယ်ဖြစ်သည့် ဖယ်ထုန်ထန်ရှင်နာဝပ်ကိုသာရွေးချယ်လိုက်ခြင်းဖြစ်သည်။

ချိုင်ကာဆမ်နီတီဆီရီကို မရွေးချယ်ရခြင်းမှာ ၎င်းတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ နောက်ထပ်အရေးယူမှုကိုခံရမည်စိုးသောကြောင့်ဖြစ်သည်ဟု လေ့လာသူများကပြောသည်။

ချိုင်ကာဆမ်နီတီဆီရီသည် ရှေ့နေချုပ်အဖြစ်တာဝန်ထမ်းဆောင်စဉ် ပီချစ်ချွန်ဘန်း၏အမှုကို ပလပ်ပေးရန်အမိန့်ပေးခဲ့သောကြောင့်ဖြစ်သည်။

လွှတ်တော်၌ ဝန်ကြီးချုပ်ရွေးကောက်ပွဲကို ဩဂုတ်လ ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

Ref: Nation Thailand

# WHO က မျောက်ကျောက်ရောဂါကို စိုးရိမ်ရသည့် အရေးပေါ်ရောဂါအဖြစ်သတ်မှတ်



ဂျီနီဗာ၊ ကျန်းမာရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် မျောက်ကျောက်ရောဂါကို စိုးရိမ်ရသည့် အရေးပေါ်ရောဂါအဖြစ် ဩဂုတ်လ ၁၄ ရက်တွင် သတ်မှတ်လိုက်ကြောင်း သိရသည်။

အဆိုပါရောဂါသည် နိုင်ငံတကာသို့ ပျံ့နှံ့နိုင်သည့်အလားအလာများရှိနေခြင်းကြောင့် ယခုကဲ့သို့သတ်မှတ်ရခြင်းဖြစ်သည်ဟု WHO မှညွှန်ကြားရေးမှူးချုပ်က ဂျီနီဗာမြို့၌ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

"ဒီနေ့တော့ အရေးပေါ်ကော်မတီက တွေ့ဆုံဆွေးနွေးမှုလုပ်ပြီး ကျွန်တော့်ကို အကြံပေးခဲ့ပါတယ်။ ဘာလဲဆိုရင် မျောက်ကျောက်ရောဂါဖြစ်ပွားမှုအခြေအနေက နိုင်ငံတကာကစိုးရိမ်ရတဲ့ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေဖြစ်နေတယ်ဆိုတာပါပဲ။ သူတို့ရဲ့ အကြံပြုချက်ကို မိမိကလက်ခံလိုက်ပါတယ်" ဟု ၎င်းကပြောသည်။

ယခုကဲ့သို့သောအခြေအနေသည် နိုင်ငံတကာကျန်းမာရေးဥပဒေအရ အမြင့်ဆုံးသောသတိပေးမှုဖြစ်ကြောင်းနှင့် အဆိုပါရောဂါအနေဖြင့် အာဖရိကဒေသမှကျော်လွန်ပြီး ကျန်ကမ္ဘာ့နိုင်ငံများသို့ရောက်ရှိလာမည်ကိုစိုးရိမ်ကြောင်း ညွှန်ကြားရေးမှူးချုပ်ကဆက်ပြောသည်။

၂၀၂၄ ခုနှစ်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားမှုပမာဏသည် ပြီးခဲ့သည့်နှစ်ကထက်ပိုမိုများပြားလာသည်ကိုတွေ့ရသည်။ ယခုနှစ်တွင် အဆိုပါရောဂါဖြစ်ပွားသူ ၁၄၀၀၀ ကျော်နှင့် ရောဂါကြောင့်သေဆုံးသူ ၅၂၄ ဦးရှိလာပြီဖြစ်ကြောင်း WHO ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုရောဂါသည် အာဖရိကတိုက်တစ်ခုလုံးအတွက် စိုးရိမ်ရသည့်အရေးပေါ်ရောဂါဖြစ်သည်ဟု အာဖရိက CDC က ထုတ်ပြန်ပြီးနောက် WHO ကယခုကဲ့သို့ထုတ်ပြန်ခြင်းဖြစ်သည်။

Ref: Xinhua

# ရုရှားက ကုန်တင်အာကာသယာဉ်ကို ကမ္ဘာပတ်လမ်းအတွင်းသို့လွှတ်တင်

မော်စကို၊ အာကာသ

ရုရှားနိုင်ငံက ကုန်တင်အာကာသယာဉ်တစ်စင်းဖြစ်သည့် Progress MS-28 ကို Soyuz 2.1 သယ်ယူပို့ဆောင်ရေးဒုံးပျံဖြင့် ကမ္ဘာပတ်လမ်းအတွင်းသို့ အောင်မြင်စွာလွှတ်တင်လိုက်နိုင်ကြောင်း ရုရှားနိုင်ငံပိုင်အာကာသကော်ပိုရေးရှင်းကြီးဖြစ်သည့် Roscosmos က ဩဂုတ်လ ၁၅ ရက်တွင် ထုတ်ပြန်ထားသည်။

ထိုအာကာသယာဉ်ကို ဒေသစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၂၀ တွင်လွှတ်တင်လိုက်ခြင်းဖြစ်ပြီး အဆိုပါအာကာသယာဉ်က လူသုံးကုန်ပစ္စည်းများ၊ သိပ္ပံစမ်းသပ်မှုဆိုင်ရာပစ္စည်းများနှင့် အစားအသောက်များကို နိုင်ငံတကာအာကာသစခန်းသို့ သယ်ဆောင်သွားခြင်းဖြစ်သည်။

ကုန်တင်အာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် ဩဂုတ်လ ၁၇ ရက်တွင် ချိတ်ဆက်နိုင်မည်ဟုမျှော်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကုန်ပစ္စည်းများတွင် တွန်းကန်အားအတွက် လောင်စာ ၈၅၀ ကီလိုဂရမ်၊ သောက်ရေလီတာ ၄၂၀ ၊ နိုက်ထရိုဂျင်ဓာတ်ငွေ့ ၅၀ ကီလိုဂရမ်အပြင် အခြားဆက်စပ်ပစ္စည်းများပါဝင်ကြောင်း သိရသည်။

Ref: RTA

# သတင်းတိုကဏ္ဍ

## ဂျပန်က အလွန်အင်အားပြင်းငလျင်လှုပ်နိုင်သည်ဟူသော သတိပေးချက်ကိုဖယ်ရှား

ဂျပန်နိုင်ငံက အလွန်အင်အားပြင်းထန်သည့်ငလျင်လှုပ်နိုင်သည်ဟူသော သတိပေးချက်ကို ဩဂုတ်လ ၁၅ ရက်တွင်ဖယ်ရှားလိုက်ပြီဖြစ်ကြောင်းသိရသည်။

ထိုသတိပေးချက်ကို ဖယ်ရှားခြင်းနှင့်အတူ ပြည်သူများအနေဖြင့် စိုးရိမ်မှုကင်းစွာပုံမှန်အတိုင်း လှုပ်ရှားသွားလာနိုင်ပြီဖြစ်ကြောင်း အစိုးရကပြောထားသည်။

ဂျပန်မိုးလေဝသဌာနက အလွန်အင်အားပြင်းငလျင်လှုပ်နိုင်သည်ဟု သတိပေးချက်ထုတ်ပြန်ပြီးနောက် ပြည်သူများမှာ ခရီးစဉ်များကိုဖျက်သိမ်းခြင်း၊ လိုအပ်သည်များကိုဝယ်ယူဖြည့်တင်းခြင်းတို့ကို အလန့်တကြားလုပ်ဆောင်သည်။

ယခုအခါ အရေးကြီးသည့်သတိပေးချက်ကို ဖယ်ရှားလိုက်ပြီဖြစ်သော်လည်း ငလျင်လှုပ်ပါက ဆောင်ရွက်ရမည့်အချက်များဖြစ်သည့် မိသားစုများအနေဖြင့် ကယ်ဆယ်ရေးစခန်းနေရာများကို သိရှိခြင်း၊ ပရိဘောဂများကို ခိုင်ခံ့အောင်ထားခြင်းနှင့် လိုအပ်သည့်အရာများကို ဖြည့်ဆည်းခြင်းတို့လုပ်ဆောင်ကြရန် လိုအပ်နေဆဲဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: Xinhua

## ဒေါ်နယ်ထရမ့်က ဂါဇာအပစ်အခတ်ရပ်စဲရေးကိစ္စ အစ္စရေးဝန်ကြီးချုပ်နှင့် ဆွေးနွေး

အမေရိကန်သမ္မတရွေးကောက်ပွဲဝင်ကိုယ်စားလှယ်ဖြစ်သည့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ဂါဇာတွင်အပစ်အခတ်ရပ်စဲရေးကိစ္စနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ်နှင့် တယ်လီဖုန်းမှတစ်ဆင့်ဆွေးနွေးကြောင်းသိရသည်။

အဆိုပါဆွေးနွေးမှုတွင် အစ္စရေးအနေဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း သတင်းအရင်းအမြစ်များ၏ပြောဆိုမှုကိုကိုးကား၍ Axios သတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့်သီတင်းပတ်တွင် အီဂျစ်၊ ကာတာနှင့် အမေရိကန်ပြည်ထောင်စုတို့က အစ္စရေးနှင့်ဟားမက်စ်တို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများကို ပြန်လည်ဖော်ဆောင်သွားရန် တောင်းဆိုထားသည်။

အဆိုပါအစည်းအဝေးတွင် ကမကထပြုပေးသည့်သုံးနိုင်ငံက နောက်ဆုံးအဆိုပြုချက်ကို တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

Ref: Sputnik

## တောင်ကိုရီးယား၌ အပူဒဏ်ကြောင့်သေဆုံးသူ ၂၂ ဦးရှိလာ

ဩဂုတ်လ ၁၃ ရက်တွင် အသက် ၂၀ ကျော်အမျိုးသားတစ်ဦးသည် အပူချိန်ပြင်းထန်မှုနှင့်ဆက်စပ်၍ သေဆုံးသွားသည့်အတွက် တောင်ကိုရီးယားနိုင်ငံတစ်ဝန်းတွင် ဩဂုတ်လ ၁၅ ရက်အထိ အပူဒဏ်ကြောင့်သေဆုံးသူ ၂၂ ဦးရှိလာပြီဖြစ်သည်ဟု သိရသည်။

မေလ ၂၀ ရက်မှ ဩဂုတ်လ ၁၅ ရက်ညနေ ၄ နာရီအထိ အပူဒဏ်ကြောင့်ရောဂါဖြစ်သူ ၂၅၇၀ ခန့်ရှိပြီး ၎င်းတို့အနက် ၂၂ ဦးမှာသေဆုံးသွားကြောင်း တောင်ကိုရီးယားရောဂါကာကွယ်ထိန်းချုပ်ရေးဌာနက ထုတ်ပြန်ထားသည်။

ယမန်နှစ်တစ်နှစ်လုံးတွင် အပူဒဏ်ခံစားရပြီးရောဂါဖြစ်ပွားသူ ၂၂၀၀ သာရှိရာမှ ယခုနှစ်တွင် ထိုစံချိန်ကိုကျော်လွန်လာပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ နေ့အပူချိန်များမြင့်တက်ပြီး ညအပူချိန်များကျဆင်းခြင်းမရှိသောကြောင့် အပူချိန်မြင့်တက်မှုဒဏ်ကိုခံစားနေရကြောင်းသိရသည်။

Ref: TST

## အာဆီယံနိုင်ငံများက စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

အာဆီယံအဖွဲ့ဝင်နိုင်ငံများက လာအိုနိုင်ငံတွင်ကျင်းပသော အစည်းအဝေးတစ်ခုတွင် နိုင်ငံများကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ကတိပြုလိုက်ကြောင်းသိရသည်။

အစည်းအဝေးသို့တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့များသည် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တွန်းအားဖြစ်စေမည့်မူဝါဒများအတွက် အကြံပြုချက်များဖော်ထုတ်ရန်နှင့်ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်သည့်အပြင် အမြင်ချင်းဖလှယ်ကြသည်ဟု လာအိုနိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၅ ရက်တွင်ထုတ်ပြန်သည်။

ထို့ပြင် အစည်းအဝေးသို့တက်ရောက်လာသူများသည် အာဆီယံဦးစားပေးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးတိုးတက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

အလားတူ ဒေသအတွင်းဒစ်ဂျစ်တယ်စီးပွားရေး၊ ပြည်သူအချင်းချင်းပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကဲ့သို့ အခြေအနေများနှင့်ပတ်သက်၍လည်း ဆွေးနွေးမှုများလုပ်ဆောင်ကြောင်းသိရသည်။

Ref: Xinhua

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဇူလိုင်လအတွင်း ခရီးသွားဧည့်သည် ၁၄၁၁၅ ဦး လာရောက်လည်ပတ်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီး ငွေတောင်ကမ်းခြေသို့ ဇူလိုင်လအတွင်းက ခရီးသွားဧည့်သည် ၁၄၁၁၅ ဦး လာရောက်လည်ပတ်ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာ၏ပြောကြားချက်အရ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဇွန်လအတွင်းက ခရီးသွားဧည့်သည် ၁၇၄၅၅ ဦးလာရောက်လည်ပတ်ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ ခရီးသွားဧည့်သည် ၁၄၁၁၅ ဦး လာရောက်လည်ပတ်ကြောင်း သိရသည်။

''ဇူလိုင်လအတွင်းမှာ ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၁၄၁၁၅ ဦး လာရောက်လည်ပတ်ခဲ့ပါတယ်။ မိုးရာသီဖြစ်ပေမယ့် ခရီးသွားဧည့်သည်တွေ လည်ပတ်မှုရှိနေဆဲဖြစ်ပါတယ်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တွေမှာ ခရီးသွားဧည့်သည်အများဆုံး လာရောက်ကြပါတယ်။ လက်ရှိလည်း လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေရှိနေပါတယ်။ လာရောက်တဲ့ ခရီးသွားဧည့်သည်တွေကို စနစ်တကျဝန်ဆောင်မှုပေးနေပါတယ်" ဟု ဒေါ်နီနီမာကပြောသည်။

ငွေတောင်ကမ်းခြေသို့ ဇူလိုင်လအတွင်း လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များတွင် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ အဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန် ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရန် လူငယ်စကားဝိုင်းကျင်းပ

**နတ်မောက် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ဩဂုတ်လ ၁၄ ရက်က နတ်မောက်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတ ရရှိမည့် စာများကိုလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းဝေက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ ကျောင်းသား မောင်လှမျိုးထွန်းက လူငယ်နှင့်စာဖတ်ခြင်း၊ Grade-11 မှ ကျောင်းသူ မချောစုသွယ်က လူငယ်နှင့်ပညာရေး၊ Grade-10 မှ ကျောင်းသူ မနွေးမြတ်နိုးခင်က လူငယ်နှင့်စာရိတ္တ၊ Grade-12 မှ ကျောင်းသူ မသဲဝတီမိုးက လူငယ်နှင့်ကြီးပွားရေး၊ Grade-11 မှ ကျောင်းသား မောင်ဖြိုးညီခန့်က လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။




ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**လှဝင်း**

# ပွင့်ဖြူမြို့နယ် မင်းရွာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မင်းရွာကျေးရွာ၌ ပဉ္စမအကြိမ် စီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ဩဂုတ်လ ၁၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အကြောင်းအရာများကို ပြောကြားသည်။

ယင်းနောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၈ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မင်းရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးအတွက် ငွေကျပ် ၁၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦးအတွက် ငွေကျပ် ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးအတွက် ငွေကျပ် ၄ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးအတွက် ငွေကျပ် ၁ ဒသမ ၂ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# စေတုတ္တရာမြို့နယ်၌ ရိုးရာယဉ်ကျေးမှုအနုပညာကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်တတ်စေရန် အဆို အက အရေး အတီးပြိုင်ပွဲ(မြို့နယ်အဆင့်)ကျင်းပ

**စေတုတ္တရာ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် မြို့နယ်ပညာရေးမှူးရုံး၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားတိုးတက်စေရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းစောင့်ရှောက်သည့် ရွက်ပုန်းသီးအနုပညာရှင် ကျောင်းသား၊ ကျောင်းသူများစဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (မြို့နယ်အဆင့်) ကို ဩဂုတ်လ ၁၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(မြို့နယ်အဆင့်)တွင် မြို့နယ်ပညာရေးမှူးဦးသန်းမြိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမိုးတင်က ပြိုင်ပွဲဝင်များကို အမှတ်ပေးစည်းမျဉ်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ်မှတ်တေးသီချင်းများနှင့်အဆို၊ အကပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်လူကြီးများက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (မြို့နယ်အဆင့်)တွင် ယှဉ်ပြိုင်ကြသော ကျောင်းသား၊ ကျောင်းသူများထဲမှ ပါရမီရှိသူများနှင့် ဆုရရှိသူများကိုရွေးချယ်၍ ခရိုင်အဆင့်တွင် ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ရေသတ္တဝါမွေးမြူရေး သတ္တုဓာတ်ပါဝင်မှုအလေးထားပေး


ဝါဝါဖူး(Ph.D)
မွေး/သု(မန်း)

သတ္တုဓာတ်များသည် ပမာဏ အနည်းငယ်သာအသုံးပြုရပြီး သက်ရှိသတ္တဝါအားလုံးအတွက် မရှိမဖြစ်လိုအပ်သော အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် အာဟာရဓာတ်များဖြစ်ပါသည်။ ရေသတ္တဝါများအတွက် သတ္တုဓာတ်လိုအပ်ချက်သုတေသနပြုမှုသတင်းအချက်အလက်များရရှိမှုသည် ကုန်းသတ္တဝါများနှင့်နှိုင်းယှဉ်လျှင် နည်းပါးလှပါသည်။ ရေသတ္တဝါများသည် အစာနှင့်ရေမှ မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များကို ရရှိနိုင်ပါသည်။ သို့ရာတွင် ဓာတ်သတ္တုတစ်မျိုးစီ၏ အရေအတွက်လိုအပ်ချက်များသည် ရေနေသတ္တဝါမျိုးစိတ်များအပေါ်မူတည်၍ ကွဲပြားခြားနားပါသည်။ အဓိကအားဖြင့် အမြင့်ဆုံးလိုအပ်ချက်အုပ်စု (Macro Minerals) နှင့် အနိမ့်ဆုံးလိုအပ်ချက်အုပ်စု (Trace Minerals) ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ အမြင့်ဆုံးလိုအပ်ချက်အုပ်စုသည် အရိုး၊ အသား၊ တစ်သျှူးများ ဖြစ်တည်မှုနှင့်ဖွံ့ဖြိုးမှုအတွက် အဓိကလိုအပ်ပါသည်။ အနိမ့်ဆုံးလိုအပ်ချက်အုပ်စုအနေဖြင့် ဟော်မုန်းနှင့် အင်ဇိုင်းထုတ်အင်္ဂါအဖွဲ့အစည်းများအတွက် အဓိကလိုအပ်ပါသည်။

အနည်းငယ်မျှလိုအပ်သည့် ဒြပ်စင်များ၏ ယေဘုယျလုပ်ဆောင်ချက်များမှာ-

- သတ္တုဓာတ်များသည် ဓာတ်ကူပစ္စည်း၊ အင်ဇိုင်းတက်ကြွစေသောအရာများနှင့် ဇီဝဖြစ်ပျက်မှုများတွင် အခြေခံအကြောင်းရင်းအဖြစ် လုပ်ဆောင်ပါသည်။
- သတ္တုဓာတ်များသည် အရိုးများနှင့် သွားများကဲ့သို့သော အရိုးတည်ဆောက်မှုများအတွက် အရေးကြီးသောအစိတ်အပိုင်းများဖြစ်ပါသည်။
- သတ္တုဓာတ်များသည် အာရုံကြောတွန်းပို့မှုနှင့်ကြွက်သားကျုံ့ခြင်းတို့အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။
- သတ္တုဓာတ်များသည်သွေး၏ pHနှင့် အခြားသော ခန္ဓာကိုယ်အရည်များကို ထိန်းသိမ်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။
- သတ္တုဓာတ်များသည် ပြင်ပအခြေအနေများတွင်ပြောင်းလဲသော်လည်း အတွင်းပိုင်းတွင် တည်ငြိမ်သောပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သည့်စွမ်းရည်ဖြစ်သည့် (Homoeostasis) သည် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး တိရစ္ဆာန်ကိုယ်အတွင်း ရေနှင့်ပျော်ဝင်မှုဖလှယ်မှုကို ထိန်းညှိပေးပါသည်။

ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများတွင် သတ္တုဓာတ်ပါဝင်မှုအပေါ် အကျိုးသက်ရောက်မှု




ငါး၊ ပုစွန်၊ ကဏန်းများတွင် သတ္တုဓာတ်များ၏ အကျိုးသက်ရောက်မှုပြပုံ

**သတ္တုဓာတ်ချို့တဲ့မည်ဆိုပါလျှင် ဖြစ်ပွားတတ်သောလက္ခဏာများအနေဖြင့်-**

- ကြီးထွားမှုနှင့် အစာစားသုံးမှုစွမ်းဆောင်ရည်ကို လျော့ကျစေခြင်း၊
- ငါး၊ ပုစွန်၊ ကဏန်းများတွင် အခွံပျော့သော ပြဿနာများနှင့် အရိုးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေခြင်း၊
- သွေးအားနည်းရောဂါ၊ အရိုးပျော့ခြင်း၊ မျိုးရိုးလိုက်သည့်ကြွက်သားသိမ်ရောဂါ စသည့်လက္ခဏာများကို ဖြစ်ပွားစေနိုင်ပါသည်။

များ၏ လေ့လာချက်များအရ တွေ့ရှိရပါသည်။ အခြားသတ္တုဓာတ်များဖြစ်သော ပိုတက်စီယမ်၊ ဆိုဒီယမ်ကလိုရိုက်များကိုလည်း လိုအပ်သည့် အချိုးအစား ပမာဏအတိုင်း ဖြည့်စွက်အစာများတွင် ထည့်သွင်းရမည်ဖြစ်ပါသည်။

ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများတွင် သတ္တုဓာတ်များသည် မွေးမြူထားသော မျိုးစိတ်များ၏ ကျန်းမာစွာကြီးထွားနိုင်စေရေးအတွက် ထိရောက်သော အခန်းကဏ္ဍမှပါဝင်ပါသည်။ ထို့ကြောင့်


| စဉ် | အမြင့်ဆုံးလိုအပ်ချက်အုပ်စု (Macro minerals) | အနိမ့်ဆုံးလိုအပ်ချက်အုပ်စု (Trace minerals) | |
|---|---|---|---|
| ၁။ | ကယ်လဆီယမ် (Ca) | ဇင့် (Zn) | ကော့ပါး (Cu) |
| ၂။ | ပိုတက်ဆီယမ် (K) | ဖဲရတ် (Fe) | ဆယ်လီနီယမ် (Se) |
| ၃။ | ဆိုဒီယမ် (Na) | အာဆီနစ် (As) | ခရိုမီယမ် (Cr) |
| ၄။ | မဂ္ဂနီဆီယမ် (Mg) | ကိုဗော့ (Co) | ဖလိုရင်း (F) |
| ၅။ | ကလိုရင်း (CL) | အိုင်အိုဒင်း (I) | မဂ္ဂနိစ် (Mn) |
| ၆။ | ဖော့စ်ဖရတ် (P) | မိုလဗ်ဒီနမ် (Mo) | နီကယ် (Ni) |
| ၇။ | ဆာလဖာ (S) | ဆီလီကွန် (Si) | တင်း (Sn) |
| ၈။ | - | ဗန်နာဒီယမ် (V) | အလူမီနီယမ် (AL) |

**ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများတွင် သတ္တုဓာတ်များသည် မွေးမြူထားသောမျိုးစိတ်များ၏ ကျန်းမာစွာကြီးထွားနိုင်စေရေးအတွက် ထိရောက်သောအခန်းကဏ္ဍမှပါဝင် . . .**
**ထို့ကြောင့် မွေးမြူသည့်မျိုးစိတ်များအလိုက် လိုအပ်သော သတ္တုဓာတ်ဖြည့်စွက်စာများကို အသေးစိတ်တွက်ချက်၍ ကျွေးမည့်အစာများတွင် ထည့်သွင်းရန်လိုအပ် . . .**

မွေးမြူရေးကန်များအတွင်း သဘာဝအရင်းအမြစ်ငါးပုစွန်များကို စီးပွားဖြစ်မွေးမြူရာတွင် လိုအပ်သော အာဟာရလိုအပ်ချက်များကို ပြည့်ဝအောင်ဖြည့်ဆည်းနိုင်ရန်အတွက် ဖြည့်စွက်စာကျွေးရန် လိုအပ်ပါသည်။ အခြားသောအာဟာရများအပြင်သတ္တုဓာတ်များသည် သက်ရှိသတ္တဝါများ၏ ကျန်းမာရေးကောင်းမွန်စေရန်နှင့် ကြီးထွားမှုများကို ရရှိစေရန်အတွက် အနိမ့်ဆုံးလိုအပ်ချက်နှင့် အမြင့်ဆုံးသောခံနိုင်ရည်ကို ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။

**သတ္တုဓာတ်များ၏အထွေထွေလုပ်ဆောင်ချက်များ**

သက်ရှိသတ္တဝါများ၏ လုပ်ငန်းဆောင်တာများ၌ သတ္တုဓာတ်များနှင့်




**ငါး၊ ပုစွန်၊ ကဏန်းများအတွက် လိုအပ်သောသတ္တုဓာတ်များ**

ကယ်လ်ဆီယမ်ပါဝင်မှုအနေဖြင့် ငါးရံ့၊ တီလားဗီးယားတို့တွင် ဖြည့်စွက်အစာ ၁၀၀ ဂရမ်တွင် သုည ဒသမ ၇ မှ ၁ ဒသမ ၅ ဂရမ်အထိ ထည့်သွင်းရမည်ဖြစ်သကဲ့သို့ ငါးပါးနီ(Red sea snapper)၊ ရွှေဝါငါးကြင်း၊ ငါးသလောက်နှင့် ဆယ်လမွန်ငါးများတွင်လည်း မရှိမဖြစ်လိုအပ်ပါသည်။ အလားတူ ဖော့စ်ဖရတ် ပါဝင်မှုမှာလည်း ငါးရံ့၊ တီလားဗီးယား၊ ရွှေဝါငါးကြင်း၊ ငါးပါးနီ၊ ငါးသလောက်၊ ဆယ်လမွန်ငါး၊ ငါးတိန်း၊ ငါးပုတ်သင်၊ ငါးခွေးလျှာ၊ ကကတစ်၊ ကျောက်ငါးများတွင် ဖြည့်စွက်အစာ ၁၀၀ ဂရမ်တွင် သုည ဒသမ ၅ ဂရမ်မှ ၁ ဒသမ ၀၉ ဂရမ်အထိ လိုအပ်ပါကြောင်း သုတေသနပညာရှင်

မွေးမြူသည့်မျိုးစိတ်များအလိုက် လိုအပ်သော သတ္တုဓာတ်ဖြည့်စွက်စာများကို အသေးစိတ်တွက်ချက်၍ ကျွေးမည့်အစာများတွင်ထည့်သွင်းရန် လိုအပ်ပါသည်။ သတ္တုဓာတ်များ၏ အချိုးအစားနှင့် အမျိုးအစားများကိုလည်း သေချာစွာသိထားရန် လိုအပ်ပါသည်။ သတ္တုဓာတ်ဖြည့်စွက်စာများကို အချိုးအစားမှန်ကန်စွာထည့်သွင်းရန်လည်း အရေးကြီးပါသည်။ ထိုသို့လုပ်ဆောင်ရန် နည်းစနစ်မှန်ကန်မှုမရှိပါက ထုတ်လုပ်မှုစွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ခြင်း၊ ရေနေသတ္တဝါမျိုးစိတ်များ၏ ကျန်းမာမှုနှင့် ထုတ်လုပ်မှုအရည်အသွေးကို လျော့ကျစေနိုင်မည်ဖြစ်ပါကြောင်း မှတ်သားဖွယ်ရာဗဟုသုတများအဖြစ် မျှဝေရေးသားလိုက်ရပါသည်။ ။

# ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား

## Myawady Webportal နှင့် Myanmar National Portal တွင် လေ့လာနိုင်သည်

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား

Myawady Webportal(www.myawady.net.mm/cadets) နှင့် Myanmar National Portal(www.myanmar.gov.mm/documents) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားပိုင် လုပ်ငန်းသုံးခရီးသည်တင်ယာဉ်(၅၄)စီးနှင့် ဂိတ်ခန်း(၂)ခန်း၊ ယာဉ်လိုင်း(၁)လိုင်းတို့အား Lot(၉)ခုသတ်မှတ်၍ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းအဓိကလုပ်ကိုင်ရန်အတွက် (၁-၁၀-၂၀၂၄ မှ ၃၀-၉-၂၀၂၇ထိ) (၃)နှစ်သက်တမ်းဖြင့် ပြည်တွင်းပုဂ္ဂလိက/ကုမ္ပဏီအဖွဲ့အစည်းများသို့ ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခြင်းအား(၃၀-၈-၂၀၂၄)ရက်နေ့၊ ၁၀:၃၀ မှ ၁၅:၀၀ နာရီတွင် မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ စီးပွားရေးဌာနခွဲရုံး(ရွာတော်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူ ပုဂ္ဂလိက/ကုမ္ပဏီအဖွဲ့အစည်းများသို့ အများဆုံး Lot(၃)ခု အထိသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး Lot(၁)ခုချင်းအလိုက် တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင် ငွေကျပ် ၅၀,၀၀၀/-နှုန်းဖြင့် ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် (၁၆-၈-၂၀၂၄ မှ ၂၆-၈-၂၀၂၄ ထိ)ရုံးချိန်အတွင်း (ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ စီးပွားရေးဌာနခွဲရုံး(ရွာတော်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(ဖုန်း၊ ၀၆၇-၄၅၁၀၀၃၃၊ ၄၅၁၀၀၉၉) သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးဆပ်ကော်မတီ**

### ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(၄)၊ သဲဖြူ Grade-10(A) မှ မဂျူးဂျူးလှိုင်၏ဖခင် အမည်မှန်မှာ ဦးချစ်ဖြစ်ပါကြောင်း။

**ဦးချစ်**

### မိခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ နိဒ့်ကျေးရွာအုပ်စု၊ ရှမ်းရွာလေးကျေးရွာ၊ အ.လ.က(ရှမ်းရွာလေး ကျောင်း)၊ Grade-7 မှ မောင်စံဌေး၏မိခင် အမည်မှန်မှာ ဒေါ်မာချို ၁၀/ကမရ(နိုင်)၁၆၈၀၀၃ ဖြစ်ပါကြောင်း။

**ဒေါ်မာချို**

### ပျောက်ဆုံးကြောင်း

နန်းခမ်းလှူ(ဘ)ဦးဆာအောင်၁၃/လရန(နိုင်) ၁၈၁၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၉၅၆၅၄**

### ပျောက်ဆုံးကြောင်း

အေးအေးနွယ်(ဘ)ဦးကံကြီးအောင် ၁၁/ သတန(နိုင်)၀၅၇၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 496738)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၃၀၁၉၀၉**

### ပျောက်ဆုံးကြောင်း

ဝင်းလဲ့လဲ့ဦး(ဘ)ဦးကျော်ဆွေဦး ၁၄/ဝခမ (နိုင်)၂၈၈၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MG 795206)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၅၁၀၉၁၀၉၅**

### ပျောက်ဆုံးကြောင်း

မသူဇာအေး(ဘ)ဦးအုန်းရွှေ ၁၄/ဝခမ(နိုင်) ၂၂၇၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 795178)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၁၀၉၁၀၉၅**

### ပျောက်ဆုံးကြောင်း

အေးအေးမြင့်(ဘ)ဦးသန်းမြင့် ၁၂/မဘန (နိုင်)၁၁၆၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MA 042274)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၅၁၀၉၁၀၉၅**

### ပျောက်ဆုံးကြောင်း

မေဖြိုးဇံ(ဘ)ဦးသိန်းဇံ ၁၄/ညတန(နိုင်) ၁၃၂၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက် မှတ်အမှတ်(MF 039109)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၁၀၉၁၀၉၅**

### ပျောက်ဆုံးကြောင်း

အောင်မျိုးထက်(ဘ)ဦးကျင်အောင် ၈/ခမန (နိုင်)၂၂၄၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၂၁၈၄၇၃၉**

### ပျောက်ဆုံးကြောင်း

ချစ်ကိုထွေး(ဘ)ဦးမြင့်စိုး ၆/ရဖန(နိုင်) ၁၀၂၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ငွေအိမ်စံ(ဘ)ဦးမင်းစံချိန် ၁၀/မလမ(နိုင်) ၂၃၀၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၄၁၂၄၀၇၈**

### ပျောက်ဆုံးကြောင်း

အေးအေးအောင်(ဘ)မြမောင် ၁၄/ဖပန (နိုင်)၁၇၁၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ထွန်းလင်းနိုင်(ဘ)ဦးထွန်းအေး ၁၂/တတန (နိုင်)၂၇၀၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၈၉၃၁၄၂၉၃၈**

### ပျောက်ဆုံးကြောင်း

ထူးအောင်ပိုင်(ဘ)ဦးမြိုင်အောင် ၁၂/မဂဒ (နိုင်)၁၃၃၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ဝင်းဗိုလ်(ဘ)ဦးဘသန်း ၉/မရတ(နိုင်) ၁၀၂၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

မြင့်သူ(ဘ)ဦးမြင့်သိန်း ၁၂/ရနက(နိုင်) ၀၅၉၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(248631)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၅၂၉၇၇**

### ပျောက်ဆုံးကြောင်း

ညိုမောင်(ဘ)ဦးတင်လှ ၁၂/သကတ(နိုင်) ၁၁၄၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက် မှတ်အမှတ်(789349)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၆၆၈၇၆၅၂၂၅**

### ပျောက်ဆုံးကြောင်း

တမူးမြို့၊ နန်းမွန်တာကျေးရွာနေ မဟတ်နေကြောင်(ဘ)ဦးဟောင်ဆေး ၅/တမန(နိုင်)၀၇၆၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 339865) မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

သန်းအောင်(ဘ)ဦးရီရွှေ ၁၀/မလမ(နိုင်)၀၀၂၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(650319)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၁၇၄၅၇၇၃**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)16/MR(ML/YUG) | စက်ခေါင်းအရန်ပစ္စည်း(၁၁၅)မျိုး ဝယ်ယူရန် |
| ၂ | 12(T)17/MR(CME/NPT) | စက်ပစ္စည်းကိရိယာများနှင့် စက်ခေါင်းအရန်ပစ္စည်းများ(၁၂)မျိုး ဝယ်ယူရန် |
| ၃ | ၂၀၇/မမ/(CME/MIT) | တွဲပြုပြင်ပြောင်းလဲရန်လိုအပ်သောပစ္စည်း(၂)မျိုး ဝယ်ယူရန် |
| ၄ | ၂၀၈/မမ/(CME/MIT) | တွဲအသစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၂)မျိုး ဝယ်ယူရန် |
| ၅ | ၂၀၉/မမ/(CME/MIT) | တွဲအကြီးတန်းပြုပြင်ရေးလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၇၇)မျိုး ဝယ်ယူရန် |
| ၆ | ၂၁၀/မမ/(CME/MIT) | တွဲအကြီးတန်းပြုပြင်ရေးလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၄၄)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၃-၉-၂၀၂၄) နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆-၈-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-294352, 291994, 291985**

### ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့နေ ခင်မောင်လတ်(ဘ) ဦးတင်ညွန့် ၇/ဒဥန(နိုင်)၀၂၃၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၄၀၆၄၆၆၅၇**

### ပျောက်ဆုံးကြောင်း

ရမ်းဗြဲမြို့နယ်၊ ဗျောဖြိန်ရွာနေ ခင်မျိုးဆက်(ဘ)ဦးခင်မောင်ထွန်း ၁၁/ ရဗန(နိုင်) ၀၈၈၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 895171) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၃၇၇၁၁၃၀**

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်နေ မသဲသဲ ထွေး(ဘ)ဦးမောင်မြ ၇/ညလပ(နိုင်) ၂၂၆၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ် (ME 353128)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၃၇၇၁၈၄**

### ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၇၅၈)နေ အောင်ကိုဇော်(ဘ) ဦးတင်အောင် ၁၂/ဥကတ(နိုင်)၁၆၁၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၆၈၈၉၈၉၂**




## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | e-Government နှင့် ICT Infrastructure သုံး Hardware ပစ္စည်းများ | 1 Lot |
| (ခ) | Flood Control Pump သုံး Pump, Engine, Generator, Pipe များ | 2 Lots |
| (ဂ) | Angle Iron(၅)မျိုး/4 Angle Amcan Sheet (Blue) | ၂၉.၇၀၀တန်/၃၆၀၀ m |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၈-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၉-၈-၂၀၂၄ ရက်နေ့(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁ ၃၈၈၇၃၂ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

# မြဝတီဘဏ်လီမိတက် ၏

# (၆၈) ဘဏ်မြောက်

# ‘ဥတ္တရသီရိ’ ဘဏ်ခွဲကို

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင်

၁၆.၈.၂၀၂၄ရက် (သောကြာနေ့) ၌ ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို

ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

‘လုံခြုံ လျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ်’

**ဆက်သွယ်ရန်လိပ်စာ**

မြဝတီဘဏ်လီမိတက် (ဥတ္တရသီရိ)
ဦးပိုင်အမှတ် (ဥ-၁၊ ၂၊ ၃)၊ မန္တလေးလမ်းနှင့် ဇလပ်ဝါလမ်းထောင့်၊
ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ~ ၃၄၁၇၉၈၆၊ ၃၄၁၇၉၈၇။
ဖက်(စ်) - ၀၆၇ ~ ၃၄၁၇၉၈၅။

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် University အသင်းနှင့် Silver Stars အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ University အသင်းနှင့် Silver Stars အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၄) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ University အသင်းနှင့် Glory Goal အသင်းတို့ကစားခဲ့ရာ University အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၅ မိနစ်၊ ၅၇ မိနစ်၊ ၇၂ မိနစ်နှင့် ၈၅ မိနစ်တို့တွင် ဇော်ဇော်ထိုက်တစ်ဦးတည်းက သွင်းပေးခဲ့ခြင်းဖြစ်ပြီး University အသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့်အတွက် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ Ayeyawady Rangers အသင်းနှင့် Silver Stars အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် Silver Stars အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Silver Stars အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၉ မိနစ်တွင် ကျော်ဖြိုးဦး၊ ပွဲချိန် ၄၃ မိနစ်တွင် သက်ဝင်းထွန်းနှင့် ပွဲချိန် ၇၁ မိနစ်တွင် ကျော်ဇေယျတို့က သွင်းယူပေးခဲ့ပြီး Ayeyawady Rangers အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၉ မိနစ်တွင် ထိုက်သူဟန်၊ ပွဲချိန် ၅၄ မိနစ်တွင် ဝေယံဖြိုးတို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များအဖြစ် ဩဂုတ်လ ၁၆ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

# ဂန့်ဂေါမြို့နယ်၊ လုံခြုံကျေးရွာနှင့် မကျည်းခင်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူပိုင်ပစ္စည်းများကိုခိုးယူသွားကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေနေ




နေပြည်တော် ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ လုံခြုံကျေးရွာနှင့် မကျည်းခင်ကျေးရွာတို့ကို ဩဂုတ်လ ၁၄ ရက်နေ့က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခဲ့ရာ လုံခြုံကျေးရွာမှ နေအိမ် ၃ လုံး မီးလောင်ပျက်စီးခဲ့ပြီး ကား ၂ စီးဖြင့် ပြည်သူပိုင်ပစ္စည်းများကို ခိုးယူသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူ ၁ ဦးမှ လုံခြုံကျေးရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ထွက်ပြေးသွားစဉ် ကျေးရွာအတွင်းရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကိုခိုးယူခြင်းမှာ လုပ်ကြံသတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများကိုသာ တစ်ဖက်သတ်စွပ်စွဲရေးသားလျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ကို အချိန်မီတားဆီးဆောင်ရွက်နိုင်ခဲ့သည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၅-၈-၂၀၂၄

| | | |
|---|---|---|
| ကျိုင်းတုံ | ၂ ဒသမ ၆၈ | လက်မ |
| နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၂ ဒသမ ၄၄ | လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) | ၂ ဒသမ ၃၆ | လက်မ |
| ကော့သောင်း | ၂ ဒသမ ၃၆ | လက်မ |
| ပျဉ်းမနား (ဓဲကြီး) | ၂ ဒသမ ၂၈ | လက်မ |
| ဂွ | ၂ ဒသမ ၁၇ | လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၁၇ | လက်မ |
| ညောင်လေးပင် | ၂ ဒသမ ၀၅ | လက်မ |
| ပင်လောင်း | ၂ ဒသမ ၀၁ | လက်မ |
| လော | ၂ ဒသမ ၀၁ | လက်မ |

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nyein Yadana Bo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၁)ရပ်ကွက်နေ ငြိမ်းရတနာဗိုလ်အား နံနက် ၇ နာရီ ၄၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၁)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**ပျောက်ဆုံးကြောင်း**
ချမ်းငြိမ်းအောင်(ဘ)ဦးအောင်ဝင်း ၉/ကဆန(နိုင်)၁၁၆၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(758332)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၃၃၀၅၄**

**ပျောက်ဆုံးကြောင်း**
ရန်နိုင်ဦး(ဘ)ဦးမြဦး ၁၂/အစန(နိုင်)၀၇၈၅၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(233481)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၇၂၆၅၆၇**

**ပျောက်ဆုံးကြောင်း**
စန္ဒာနွယ်(ဘ)ဦးတင်အုန်း ၇/ပခန(နိုင်)၂၉၇၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 233576)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၃၇၅၁၀၃**

**ပျောက်ဆုံးကြောင်း**
စိမ့်စိမ့်ရီ(ဘ)ဦးလှရီ ၁၂/မရက(နိုင်)၁၁၄၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(786341)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၀၅၀၀၂၆၂**

**ပျောက်ဆုံးကြောင်း**
နေဝင်းထွဋ်(ဘ)ဦးစိုးသိန်း ၁၂/မဂတ(နိုင်)၀၉၆၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 339035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၀၄၁၄၃၇၅**

**ပျောက်ဆုံးကြောင်း**
ဟေမာအောင်(ဘ)ဦးဝင်းမော် ၇/ကတခ(နိုင်)၂၃၅၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 757550)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**
ညိုဟိန်းထက်(ဘ)ဦးညိုမိုးသက် ၁၂/လမန(နိုင်)၁၇၇၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 166101)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
အေးသန္တာအောင်(ဘ)ဦးအောင်သန်း ၁၂/တမန(နိုင်)၀၉၂၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၁၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၆)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Ceramic Tile (၈၁၃ ဒသမ ၈၂) စတုရန်းမီတာ၊ Marble Tile (၂၄၅၇ ဒသမ ၆၀)စတုရန်းမီတာအပါအဝင် ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၄၀၈၁၅၇၉) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Synergy Dietary Supplement (၂၉)ဘူး၊ Supermicro Refurbish Server လျှပ်စစ်အပိုပစ္စည်း (၄)ခု အပါအဝင် ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၆၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၁၄၁၅၇၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။


မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ **ဩဂုတ်လ ၁၃ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Alcohol တဆေးအမှုန့်ဘူး (၁၉၀)၊ ထိုင်းနိုင်ငံထုတ် Nutrimix တိရစ္ဆာန်အစာ (၂၅)ကီလိုဂရမ်ပါအိတ် (၃၀)၊ Bubble အစေ့ထုပ် (၉၀၀) အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဩဂုတ်လ ၁၃ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟင်္သာဝိုင်းအနီး၌ လိုင်စင်မဲ့ Honda Partner မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၃ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် အခြားသစ် (သုည ဒသမ ၃၇၄) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၉၈)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၃၂၁၉၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ **ဩဂုတ်လ ၁၃ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း၊ ကျိုင်းဖောင်းဂိတ်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ဘူး(၂၀)အပါအဝင် ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Shwe Nyi Ko Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Colinear Audio Speaker (၂)လုံးအပါအဝင် ကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၄၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၈၉၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၁၃ ရက်**တွင် ဘုရားကြီးမြို့ လမ်းဆုံအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မလေးရှားနိုင်ငံထုတ် ပုစွန်တစ်ကောင်စားအုန်းဆီ (၁၈)လီတာပါ (၄၀)ပုံး၊ ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ (၁)လီတာပါ ဘူး(၁၂၀)အပါအဝင် ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဩဂုတ်လ ၁၄ ရက်**တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၆၉၆)တန်၊ သစ်မာ (၁ ဒသမ ၆၅၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၁၂၅၄၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၄၆၂၇၇၅၄၄)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၁၄ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့၊ ၇၃ လမ်း၊ ၁၁၉ x ၁၂၀ လမ်းထိပ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စကော့တလန်နိုင်ငံထုတ် Gold Label Whisky ပုလင်း (၆၀)၊ Red Label (၁၈၂)ပုလင်းအပါအဝင် ကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကို လည်းကောင်း၊ မန္တလေးမြို့၊ ၇၃ လမ်း၊ ၁၁၉ x ၁၂၀ လမ်းထိပ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Non-Dairy Creamer ထုပ် (၁၈၀၀)၊ Vixol Bathroom Cleaner ပုလင်း(၁၅၀၀) အပါအဝင် ကုန်ပစ္စည်း(၅)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၇၅၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး၊ မိုင်တိုင်အမှတ် (၃၆၄/၁)၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Golden Mountain ခရုဆီ (၁၃၆၈)ပုလင်း၊ ပုစွန်နှစ်ကောင်စားအုန်းဆီ (၂)လီတာပါ ဘူး(၂၄၀)နှင့် (၁)လီတာပါ ဘူး(၆၆၀)၊ Uncle Barn's Tempura Flour ထုပ်(၂၃၈၀) အပါအဝင် ကုန်ပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၉၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၅၆၄၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ်လ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၁၅၉၉၂၁)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

# မြောင်းမြအကျဉ်းထောင်တွင် ထောင်အရာရှိနှင့်တန်းစီးများက နိုင်ငံရေးအကျဉ်းသားများအား ဖိနှိပ်နေသည်ဟု Tachileik New Agency သတင်းဌာနက မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြ

နေပြည်တော် ဩဂုတ် ၁၅

မြောင်းမြအကျဉ်းထောင်တွင် ထောင်အရာရှိနှင့်တန်းစီးများက နိုင်ငံရေးအကျဉ်းသားများအား ဖိနှိပ်နေခေါင်းစဉ်ဖြင့် Tachileik New Agency အမည်ခံ Facebook Page ၌ ဩဂုတ်လ ၁၃ ရက်က သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်စွပ်စွဲရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြေပြင်စိစစ်ချက်အရ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း။

မြောင်းမြအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသော အကျဉ်းသား၊ အကျဉ်းသူများအား တာဝန်ရှိဝန်ထမ်းများက အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေနှင့်အညီသာ အုပ်ချုပ်လျက်ရှိပြီး ကျသစ်/ချုပ်သစ်များအား အကျဉ်းထောင်စည်းမျဉ်း၊ စည်းကမ်းများနှင့် ဆောင်ရန်ရှောင်ရန်များကို သင်ကြားရာတွင်လည်း ငွေကြေးတောင်းခံခြင်း၊ ရိုက်နှက်ခြင်းများမရှိဘဲ ၎င်းတို့နေထိုင်သော ပတ်ဝန်းကျင်နှင့် အိပ်ဆောင်အတွင်း၊ အပြင် သန့်ရှင်းရေးအလုပ်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စေခိုင်းခြင်းသာရှိကြောင်း။

အကျဉ်းထောင်အတွင်း တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းများ အရက်သေစာသောက်စားခြင်းကို ခွင့်မပြုဘဲ အရက်သေစာသောက်စားလာပါက ထောင်တွင်းဝင်ခွင့်မပြုသည့်အပြင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အပြစ်ပေးခြင်းများပြုလုပ်ပြီး အကျဉ်းသား၊ အကျဉ်းသူများအား အကြောင်းအမျိုးမျိုးပြ ငွေကြေးကောက်ခံခြင်း၊ မတရားညှဉ်းပန်းနှိပ်စက်ခြင်းများ မရှိစေရန် အကျဉ်းထောင်အုပ်ချုပ်သူ အရာရှိအဆင့်ဆင့်မှ ရုံးအမိန့်စာများထုတ်ပြန်၍ ညွှန်ကြားကြပ်မတ်ထားကာ အကျဉ်းထောင်အတွင်း ဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် အကျဉ်းသား၊ အကျဉ်းသူများထံမှ ငွေကြေးကောက်ခံခြင်းမရှိဘဲ ဌာနရန်ပုံငွေဖြင့်သာဆောင်ရွက်ကြောင်း အကျဉ်းထောင်တာဝန်ရှိသူများထံမှ သိရသည်။

သို့ဖြစ်ရာ Tachileik New Agency အမည်ခံ Facebook Page က ဖော်ပြမှုသည် သတင်းတု၊ သတင်းမှားသာဖြစ်ပြီး ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။ **ကိုဖြိုး**


ထုတ်လုပ်မှုသက်တမ်း ( ၂၀ ) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
THE BEST QUALITY TYRE
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ
CAR TYRES
CYCLE TYRES
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ASTM.C150 TYPE II (32.5)
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၁၃၊ ၀၉ ၇၉၆၁၁၁၅၅၅၉၊ email : scfg.kyaukse@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD
A.I.B.A
MEDAL

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ်သွားကြရမည်ဖြစ်. . .**

**❖ အကျင့်စာရိတ္တကောင်းမွန်မှသာ လုပ်ဆောင်ပြုမူပြောဆိုချက်များ အောင်မြင်လာမည်ဖြစ် . . .**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့်ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးကင်းလှည့် သံလမ်းပြေးယာဉ် (RGC- 89) လမ်းချော်ကျမှုဖြစ်ပွားပြီး လူစီးရထားနှင့်ကုန်ရထားများကြန့်ကြာမှုဖြစ်

နေပြည်တော် ဩဂုတ် ၁၅

ယနေ့နံနက် ၁ နာရီခန့်တွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ်၊ ညောင်ပင်သာဘူတာမှ လုံခြုံရေးကင်းလှည့်ထွက်ခွာလာသည့် သံလမ်းပြေးယာဉ် (RGC-89) သည် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ညောင်ပင်သာနှင့် ဖြူးဘူတာအကြား အဆန်လမ်း မိုင်တိုင်အမှတ် (၁၃၂) ကြေးနန်းတိုင်အမှတ် ၅ နှင့် ၆ အကြား၌ ဖြတ်သန်းစဉ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က Remote မိုင်းဖြင့် ဖောက်ခွဲခဲ့သဖြင့် သံလမ်းပြေးယာဉ် (RGC-89) လမ်းချော်ကျမှုဖြစ်ပွားခဲ့ရခြင်းကြောင့် လူစီးရထားနှင့် ကုန်ရထားများ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ စာမျက်နှာ ၂၂ ကော်လံ ၁ ◆




ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးကင်းလှည့် သံလမ်းပြေးယာဉ် (RGC -89) လမ်းချော်ကျမှုအခြေအနေကိုတွေ့ရစဉ်။



## မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် University အသင်းနှင့် Silver Stars အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

စာ-၂၉ သို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Quality For You | ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ | Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၃၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉